# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန်သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၃၃၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Dr. Md. Monwar Hossain သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ အပြန်အလှန်ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသ၌ တရားမဝင်ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများ မရှိစေရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ကာကွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်နေမှုများနှင့် စပ်လျဉ်းပြီး


*စာမျက်နှာ ၃ ကော်လံ ၁* ❐




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Dr. Md. Monwar Hossain က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

**တိုင်ဖွန်းမုန်တိုင်း ဟိုက်ကွေးကြောင့် ဖူကျိုးမြို့၌ လူပေါင်း ၃၆၀၀၀ ကျော် ဘေးလွတ်ရာ ပြောင်းရွှေ့**


နိုင်ငံတကာသတင်း | စာ ၁၃


**ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်**


ပြည်တွင်းသတင်း | စာ ၁၄





မြန်မာ့အလင်း

## လေထုသန့်ရှင်းဖို့ လက်တွဲပူးပေါင်းဆောင်ရွက်စို့

ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းသည် သန့်ရှင်းသောလေကို မရရှိကြ။ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ ခုနစ်သန်းခန့် အရွယ်မတိုင်မီ သေဆုံးနေကြရပြီး ယင်းအနက်မှ ထက်ဝက်ကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံသည် လေထုညစ်ညမ်းမှုဒဏ်ကို ခံစားနေရသည့် နိုင်ငံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်က ပြုလုပ်သည့် ကမ္ဘာ့လေထုအရည်အသွေးစစ်တမ်းအရ လေထုအညစ်ညမ်းဆုံးနိုင်ငံ အဆင့် ၁၉ တွင် ရှိခဲ့သည်။ လေထုညစ်ညမ်းမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နှလုံးသွေးကြောရောဂါ၊ အဆုတ်ကင်ဆာ၊ အဆုတ်နှင့်ဆိုင်သည့် နာတာရှည်ရောဂါများ ဖြစ်ပွားနိုင်သည်။ ၂၀၁၇ ခုနှစ်တွင် လေထုညစ်ညမ်းမှုနှင့် ဆက်စပ်၍ မြန်မာနိုင်ငံမှ လူပေါင်း ၄၅၀၀၀ ကျော် သေဆုံးခဲ့သည်ဟု ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံတွင်လည်း လေထုညစ်ညမ်းမှုသည် အရေးတကြီးကိုင်တွယ်ဖြေရှင်းရန်လိုအပ်သလို ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှု တစ်ရပ်လည်း ဖြစ်နေသည်။

လူသားတို့၏ခန္ဓာကိုယ်ပတ်ဝန်းကျင်တစ်ခုလုံးနှင့် ထိစပ်တည်ရှိနေသည့် ကမ္ဘာ့လေထုတွင် နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်း၊ အာဂွန် ၀ ဒသမ ၉ ရာခိုင်နှုန်းနှင့် အခြားဓာတ်ငွေ့များ ၀ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်ဖွဲ့စည်းလျက်ရှိသည်။ လေထုထဲတွင် သဘာဝအလျောက်ဖွဲ့စည်းတည်ရှိနေသော ဓာတ်ငွေ့များအပြင် အခြားဓာတ်ငွေ့များ၊ အဆိပ်ရှိသည့်ဒြပ်ပေါင်းများ၊ အမှုန်အမွှားများ ပါဝင်လာပြီး လေထုအရည်အသွေးနိမ့်ကျလာသည့်အခါ လေထုညစ်ညမ်းမှုဖြစ်ပေါ်လာသည်။ အကျိုးဆက်များအနေဖြင့် လူသားတို့၏ ကျန်းမာရေးကိုထိခိုက်စေပြီး အိုဇုန်းလွှာကိုပျက်စီးစေသကဲ့သို့ ကမ္ဘာကြီးကိုလည်း ပိုမိုပူနွေးလာစေသည်။ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေခြင်း၏အကြောင်းရင်းများမှာ လူတို့ကသာ အဓိကဖြစ်သည်။ ဒီဇယ်ဆီ၊ ဓာတ်ဆီကဲ့သို့သော ရုပ်ကြွင်းလောင်စာအသုံးပြုသည့် မော်တော်ယာဉ်များအပါအဝင် ယာဉ်၊ ယန္တရားများ မောင်းနှင်အသုံးပြုခြင်း၊ စက်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် လယ်မြေများ၊ တောင်ယာများ မီးရှို့ခြင်း၊ အမှိုက်များ မီးရှို့ခြင်း၊ ထင်း၊ မီးသွေးများအသုံးပြုချက်ပြုတ်ခြင်း စသည်တို့ကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာရသည်။

မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ မဟာဗျူဟာနှင့် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး လေထုအရည်အသွေး အခြေအနေလေ့လာဆန်းစစ်ရေးအတွက် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက လစဉ်တိုင်းတာစစ်ဆေးမှုများပြုလုပ်ကာ နိုင်ငံပိုင်သတင်းစာများမှ သတင်းထုတ်ပြန်ပေးလျက်ရှိသည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဥတ္တရသီရိ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဗိုလ်တထောင်၊ သာကေတ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သန်လျင်နှင့်ဒလ၊ မန္တလေးတိုင်းဒေသကြီးတွင် အမရပူရ၊ အောင်မြေသာစံ၊ ညောင်ဦး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ ကလေး၊ ကသာ၊ ဟုမ္မလင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူး၊ မကွေးတိုင်းဒေသကြီးတွင် မကွေး၊ ပခုက္ကူ၊ သရက်၊ ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ဗန်းမော်၊ ကရင်ပြည်နယ်တွင် ဘားအံနှင့် မြဝတီ၊ မွန်ပြည်နယ်တွင် မော်လမြိုင်၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ ကျောက်ဖြူ၊ ပေလဝ၊ မြောက်ဦး၊ ရှမ်းပြည်နယ်တွင် တောင်ကြီး၊ တာချီလိတ်၊ လားရှိုး၊ ကျိုင်းတုံမြို့များ၌ လစဉ်တိုင်းတာမှုများ ပြုလုပ်ပြီး လေထုအရည်အသွေး ညွှန်းကိန်းများကို အရောင် (၆) မျိုးဖြင့် ထုတ်ပြန်ပေးနေခြင်းဖြစ်သည်။

လေထုညစ်ညမ်းမှုသည် လူတိုင်းနှင့်သက်ဆိုင်သလို ဒေသတိုင်း၊ နိုင်ငံတိုင်းနှင့်လည်းသက်ဆိုင်သည့်အလျောက် လေထုသန့်ရှင်းရေးဆောင်ရွက်ရာတွင် လူတိုင်းပါဝင်၍ စဉ်ဆက်မပြတ်စုပေါင်းညီညာဆောင်ရွက်ကြမှသာ သန့်ရှင်းသောလေထုနှင့် ကျန်းမာရေးကို အကျိုးပြုသည့်ပတ်ဝန်းကျင်ကို လူတိုင်းရရှိနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးအောင်ကျော်မိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်<br>ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) |
| (၂) | ဦးမောင်မောင်ကျော်<br>ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

## မုတ်သုံလေ အားအသင့်အတင့် ရှိမည်

နေပြည်တော် စက်တင်ဘာ ၆

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအား အသင့်အတင့်ရှိမည်။

မိုး/ဇလ

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၁၇)ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာခရီးသွားပြပွဲသို့တက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၆

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် (၁၇) ကြိမ်မြောက် ဟိုချီမင်း နိုင်ငံတကာခရီးသွားပြပွဲသို့ တက်ရောက်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး ဦးဆောင်သောအဖွဲ့သည် ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



ဒုတိယဝန်ကြီးနှင့် ရန်ကုန်မြို့တော်ဝန် ဦးဆောင်သောအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကော်မတီဝင် ဦးနှင့် ဌာနမှူး ဦးညဏ်လင်းစိုး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ဌာနမှူး ဦးတင်မောင်ကြည်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသန့်တို့ လိုက်ပါသွားကြကြောင်း သိရသည်။

သတင်းစဉ်

## တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် ဥပဒေရေးရာကိစ္စရပ်များအား ထပ်ဆင့်ရှင်းလင်းမှာကြား

နေပြည်တော် စက်တင်ဘာ ၆

ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းလမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို ပြည်ထောင်စုနယ်မြေ လယ်ဝေး ခရိုင်ဥပဒေရုံး၌ စက်တင်ဘာ ၄ ရက်က ကျင်းပသည်။(အောက်ပုံ)

ထပ်ဆင့် ရှင်းလင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က ဥပဒေရေးရာ ဝန်ကြီးဌာနတွင် စက်တင်ဘာ ၂ ရက်ကကျင်းပသည့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ လမ်းညွှန်မှာကြားချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးသိန်းက ညွှန်ကြားရေးမှူးချုပ်များ၏ လမ်းညွှန်ချက်များကို လည်းကောင်း ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။



အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲတွင် ဥတ္တရခရိုင်၊ ဇေယျာသီရိခရိုင်၊ လယ်ဝေးခရိုင်၊ ပျဉ်းမနားခရိုင်၊ ရမည်းသင်းခရိုင်နှင့် အဆိုပါခရိုင်များအတွင်းရှိမြို့နယ်ဥပဒေရုံး ၁၀ ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Chin Dwin Shan Construction Co., Ltd. က တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်

**“ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ အပြန်အလှန်ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသ၌ တရားမဝင် ကုန်သွယ်မှုများနှင့်စပ်လျဉ်းပြီး ဆွေးနွေး”**

❒ *ရှေ့ဖုံးမှ*

ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏာဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain ဦးဆောင်သောအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံသို့ထွက်ခွာ



**နေပြည်တော် စက်တင်ဘာ ၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားမှုအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒေသန္တရရွေးကောက်ပွဲကို လေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် ညွှန်ကြားရေးမှူး ဦးဇော်နောင်လတ်တို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ရုရှားနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဓာတ်ပုံ)**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ဒေသန္တရရွေးကောက်ပွဲကို လေ့လာခြင်းအားဖြင့် နှစ်နိုင်ငံအကြား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည်ဖြစ်ပြီး ရုရှားနိုင်ငံ၏ ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲကျင်းပပုံ လုပ်ငန်းစဉ်များ၊ မဲပေးခြင်းလုပ်ငန်းစဉ်များနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို လေ့လာသိရှိနိုင်မည်ဖြစ်သည်။ အဆိုပါ ခရီးစဉ်သည် စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ကမီမြို့ တွင် ၆ ဒသမ ၃၀ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၃၇ လက်မ၊ လောင်းလုံးမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၄ ဒသမ ၀၂ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့တွင် ၂ ဒသမ ၈၇ လက်မစီနှင့် နွားထိုးကြီးမြို့တွင် ၂ ဒသမ ၈၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Saud bin Abdullah Alsubaie အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဆော်ဒီအာရေဗျ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်နှင့် အလုပ်သမား၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစရှိသောကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူစာချုပ်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ်အကောင်အထည်ဖော်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ထောက်ခံမှုပေးရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမဦးစီးဌာန အရာထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၆**

သမဝါယမစနစ် ပီပြင်စွာဖြင့် ပြည်သူများကို ဝန်ဆောင်မှုပေးနိုင်ပြီး သမဝါယမစနစ်၏ကောင်းကျိုးများကို ဖော်ဆောင်နိုင်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော သမဝါယမဦးစီးဌာန အရာထမ်းများ လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။ **(အောက်ပုံ)**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းတွင် သမဝါယမအသင်းများ၏ စာရင်းများအား စနစ်တကျမှန်ကန်စွာ စစ်ဆေးနိုင်ရန် စာရင်းစစ်ဆေးခြင်းများ၊ သမဝါယမအသင်းဖွဲ့စည်းသည်မှ စာရင်းရှင်းလင်းဖျက်သိမ်းသည်အထိ အသုံးချရမည့် သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအပြင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများအား သိရှိနိုင်စေရန်၊ ကုန်ထုတ်ဝန်ဆောင် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် မိုးစပါးလုပ်ငန်းများ၊ သမဝါယမအသင်းပိုင်ငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ OVOP အတွက် (Pilot Project) ဆောင်ရွက်ခြင်း လုပ်ငန်းများ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်းနှင့် ရုံးလုပ်ငန်းဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း။

သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သမဝါယမလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဦးစီးဌာနအချင်းချင်း သော်လည်းကောင်း၊ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်း အချင်းချင်း သော်လည်းကောင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမဦးစီးဌာနမှ ဆောင်ရွက်နေသော နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများနှင့် ဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး သင်တန်းဖွင့်လှစ်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ အရာထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) အမှုဆောင်သစ် ရွေးချယ်တင်မြှောက်

**ရန်ကုန် စက်တင်ဘာ ၆**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)နှင့် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်းတို့၏ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို စက်တင် ဘာ ၅ ရက်က ဗဟန်းမြို့နယ်ရှိ YUZANA HOTEL ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) အထွေထွေအတွင်းရေးမှူး ဒေါ်မိုးမိုးထွန်းက အလုပ်အမှုဆောင်ရွေးချယ်ပုံနှင့် စည်းကမ်းများ ပြောကြားကာ အလုပ်အမှုဆောင်ဟောင်းများက နုတ်ထွက်ကြောင်း ကြေညာသည်။

ယင်းနောက် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ခြင်းကို ဆောင်ရွက်ကြရာ အရွေးချယ်ခံရသော ဗဟိုဥက္ကဋ္ဌက အသင်းသားများအား နှုတ်ခွန်းဆက်စကားပြောကြားပြီး ရွေးချယ်ပြီးသော အလုပ်အမှုဆောင်များအား ရွေးချယ်ရေးကော်မရှင်က ကြေညာသည်။ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲတွင် ဆန္ဒမဲပေးမည့်သူများအနေဖြင့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဗဟိုအတွက် ၃၁ ဦး၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ရန်ကုန်တိုင်းဒေသကြီးအတွက် ၂၃ ဦးကို ရွေးချယ်ပေးခဲ့သည်။**အောင်မြင့်(ပြန်/ဆက်)**

# ပြည်မြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**ပြည် စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သာယာရပ်ကွက် လှျပ်/စက်(၉၅၉)BEMEတပ်၌ ယနေ့မွန်းလွဲပိုင်းတွင် ပန်းခင်းစီမံချက်အဆင့်(၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။



ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်က အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ကတ် အသုံးဝင်ပုံကို ပြောကြားသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်နှင့် မြို့နယ်ဦးစီးမှူး ဦးဇော်နိုင်သန်းတို့က တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင် မိသားစုတို့အား အိမ်ထောင်စုလူဦးရေစာရင်း ၂၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုစိုး(ပြည်)**



# ပင်လောင်းမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး မြေဩဇာကြဲပက်ခြင်းသရုပ်ပြ

**နောင်တရား စက်တင်ဘာ ၆**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာအုပ်စု ဆည်ခေါင်းကျေးရွာ တောင်သူ ဦးမွေး၏ စံပြစိုက်ကွက်၌ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောနှောကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ထို့နောက် နောင်တရားမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြီးကြပ်၍ မိုးစပါး စံပြစိုက်ကွက်တွင် ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝဓာတ်မြေဩဇာများ ရောနှောအသုံးပြုပြီး ကြဲပက်ခဲ့သည်။ **(ဝဲပုံ)**

အခမ်းအနားတွင် နောင်တရားမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးအလ်ယ်အောင်ဒင်မိုင်က အမှာစကားပြောကြားပြီး ပင်လောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ကျော်နိုင်က မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေးအတွက် ယူရီးယားမြေဩဇာနှင့် သဘာဝမြေဩဇာများ ရောနှောအသုံးပြုပါက ပိုမိုအကျိုးရှိကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ရှမ်းပြည်နယ် အစိုးအဖွဲ့ ထောက်ပံ့သည့် ယူရီးယားမြေဩဇာများကို တောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ သဘာဝဘေးနှင့် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာသူများနှင့် ဒုက္ခသည်များအား လူသားချင်းစာနာမှုနှင့် အကာအကွယ်ပေးမှု လုပ်ငန်းတာဝန်များ၊ ပဋိပက္ခဖြစ်ပွား၍ နေရပ်စွန့်ခွာသူများရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများအား UNHCR က အထောက်အပံ့ပေးမှုများ၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှုများ၊ UNHCR က မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် လူသားချင်းစာနာမှု အကူအညီပေးအပ်မည့် ဆိုလာမီးအိမ်များအား ရန်ကုန်မြို့တွင်လက်ခံ၍ ရခိုင်ပြည်နယ်သို့ ပို့ဆောင်ရန် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UN-OCHA)နှင့် ပူးပေါင်းဆောင်ရွက်နေသည့်အခြေအနေများ၊ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်တွင်းခရီးသွားလာခွင့် ရရှိလိုသည့်ကိစ္စများနှင့် ပြည်ဝင်ဗီဇာရရှိလိုသည့်ကိစ္စများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)၌ ကျင်းပသည့် မိုခါဆိုင်ကလုန်းမုန်တိုင်းသင့်ဒေသများအတွက် ယူနန်ပြည်နယ် Yunnan Provincial People's Association for Friendship with Foreign Countries (YNPAFFC) က ပြန်လည်ထူထောင်ရေးဆိုင်ရာပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ ညွှန်ကြားရေးမှူးနှင့် Yunnan Commercial Representative Office ညွှန်ကြားရေးမှူး Mr. Gao Wei တို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ ညွှန်ကြားရေးမှူးနှင့် Yunnan Commercial Representative Office ညွှန်ကြားရေးမှူးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယခုလှူဒါန်းမှုမှာ ယူနန်ပြည်နယ် Yunnan Provincial People's Association for Friendship with Foreign Countries (YNPAFFC) က မိုခါဆိုင်ကလုန်းမုန်တိုင်းသင့် ဒေသများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် ယွမ် (၁၀၀,၀၀၀) တန်ဖိုးရှိ ပြန်လည်ထူထောင်ရေးပစ္စည်းများဖြစ်ကြောင်းနှင့် မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့မှ လှူဒါန်းထောက်ပံ့မှုများကို တပ်မတော်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ရေယာဉ်၊ လေယာဉ်များဖြင့်စစ်တွေမြို့သို့ အမြန်ဆုံးပို့ဆောင်ပေးပြီး စစ်တွေမြို့မှတစ်ဆင့် ဘေးသင့်ဒေသမြို့နယ်များအထိ ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး အထူးအလေးထားဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ဧကတိုးချဲ့ရေး၊ သီးထပ်တိုးချဲ့ စိုက်ပျိုးရေးနှင့် စားရေရိက္ခာ ဖူလုံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၃)ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ စက်တင်ဘာ ၆ ရက် နံနက်က ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအား ဖတ်ကြားရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမြေများအားလုံး အပြည့်အဝ စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိရေး အထူးအလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးလယ်မြေများအား ကေကွက်များ ဖော်ထုတ်နိုင်ရေး နှစ်စဉ်စီမံချက်များ ချမှတ်ဆောင်ရွက်သွားရန်နှင့် တစ်နှစ် သုံးသီးစိုက်ဧကများ လျော့နည်းမှုမရှိစေရေး သက်ဆိုင်ရာ စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များက ကြိုတင်ကွင်းဆင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသလို MSMEs လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်များ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် ဒေသထွက် အခြေခံစားသုံးကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် ဒေသထွက် ကုန်ကြမ်းပစ္စည်းများဖြင့် တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။



ထို့နောက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌများက မြို့နယ်အလိုက် စိုက်ဧကတိုးချဲ့ရေး၊ သီးထပ်တိုးချဲ့စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေး စီမံဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက ပေါင်းစပ်ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားရေရိက္ခာ ဖူလုံရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က နှစ်အလိုက် စီမံချက်များ ချမှတ်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များအား အကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) က ရုရှားနိုင်ငံသို့ တိုက်ရိုက်ပျံသန်းသည့် ခရီးစဉ်သစ် စတင်ပြေးဆွဲပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၆**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအကြား နှစ်နိုင်ငံ ကူးလူးဆက်ဆံရေး Connectivity တွင် မရှိမဖြစ်လိုအပ်သည့် လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ရုရှားနိုင်ငံသို့ တိုက်ရိုက်ပျံသန်းသည့် ရန်ကုန်-မန္တလေး -နိုဗိုဆီဘာရစ်-မန္တလေး-ရန်ကုန်ခရီးစဉ်သစ်ကို စက်တင်ဘာ ၅ ရက်တွင် စတင်ပျံသန်းပြေးဆွဲခဲ့ပြီး စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိခဲ့သည်။

ရုရှားနိုင်ငံသို့ စတင်ပျံသန်းပြေးဆွဲသည့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် စတင်ထွက်ခွာခဲ့ပြီး မန္တလေးမြို့မှတစ်ဆင့် ရုရှားနိုင်ငံ နိုဗိုဆီဘာရစ်မြို့သို့ ထွက်ခွာခဲ့ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် မန္တလေးမြို့မှ ရုရှားနိုင်ငံသို့ မထွက်ခွာမီ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ပြီး ပထမဆုံးခရီးစဉ်တွင် လိုက်ပါလာသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အမှတ်တရစုပေါင်း ဓာတ်ပုံ ရိုက်ကူးကြသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် ရုရှားနိုင်ငံသို့ တိုက်ရိုက်ပျံသန်းသည့် ရန်ကုန် - မန္တလေး - နိုဗိုဆီဘာရစ် -မန္တလေး - ရန်ကုန် ခရီးစဉ်ကို အပတ်စဉ် အင်္ဂါနေ့နှင့် စနေနေ့တို့တွင် တစ်ပတ်နှစ်ကြိမ် ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး ခရီးသွားများအနေဖြင့် ယခုခရီးစဉ် ရောက်ရှိမည့် နိုဗိုဆီဘာရစ်မြို့မှ S7 လေကြောင်းလိုင်းကို အသုံးပြု၍ မြို့တော်မော်စကို အပါအဝင်ရုရှားနိုင်ငံ၏အခြားမြို့များသို့ဆက်လက်သွားရောက်နိုင်မည်ဖြစ်ပြီး ရုရှားနိုင်ငံမှ ခရီးသွားများအနေဖြင့်လည်း ယခုခရီးစဉ်ကို အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသာမက MAI က ပျံသန်းပြေးဆွဲလျက်ရှိသော အခြားအာဆီယံနိုင်ငံများသို့လည်း ချိတ်ဆက်လည်ပတ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။




အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) အနေဖြင့် ရုရှားနိုင်ငံသို့ ယခုစတင်ပြေးဆွဲသည့် ခရီးစဉ်အပြင် မကြာမီကာလအတွင်း AirBus A330 ကဲ့သို့သော လေယာဉ်ကြီးများဖြင့် Long Haul Flight များအသုံးပြု၍ ရုရှားနိုင်ငံ မော်စကိုမြို့၊ စိန့်ပီတာစဘတ်မြို့များအထိ တိုက်ရိုက်ပျံသန်းပြေးဆွဲသွားရန် စီစဉ်လျက်ရှိသည့်အပြင် တရုတ်နိုင်ငံ ပေကျင်းမြို့ အပါအဝင် အခြားမြို့ကြီး ၁၁ မြို့အထိပါ ခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

# ဉာဏဖလအုတ်မြစ်ပေါ်မှာ

မောင်ခြိမ့်မြိုင်

**လူငယ်တစ်ယောက်သည် ပညာသင်ယူတတ်မြောက်ပြီးနောက် အသက်မွေးမှုအတွက် သင့်တင့်လျောက်ပတ်သော ဝင်ငွေရသည့်အလုပ်အကိုင်တစ်ခုရှိမည်၊ မိတ်ကောင်းဆွေကောင်း အပေါင်းအသင်းများရှိမည်၊ ရောဂါဝေဒနာကင်း၍ ကျန်းကျန်းမာမာရှိမည်၊ ကိုယ်ကျင့်တရားကို ထိန်းသိမ်းမည်ဆိုလျှင် ထိုလူငယ်သည် ဉာဏဖလ၊ ဘောဂဖလ၊ မိတ္တဖလ၊ စာရိတ္တဖလ၊ ကာယဖလဟူသော ဖလငါးတန် ကိုယ်ခံကောင်းများကို ပိုင်ဆိုင်နေပြီဟုဆိုရမည်ဖြစ်သည်။**

ဖလငါးတန် မပြည့်စုံသေးသော လူငယ်များကို ပြည့်စုံစေရန်၊ ပြည့်စုံပြီးလူငယ်များကို ဖွံ့ဖြိုးစေရန် ခေတ်အဆက်ဆက်တွင် စာပေအမျိုးမျိုးဖြင့် လမ်းညွှန်မှုများရှိသည်။ ထင်ရှားသောလမ်းညွှန်စာပေတစ်ရပ်မှာ ပင်းယခေတ် မြန်မာသက္ကရာဇ် ၆၀၀ ကျော်ကာလတွင် စတုရင်္ဂဗလအမတ်ကြီး ရေးသားခဲ့သော 'လောကနီတိ'ဖြစ်သည်။ လောကနီတိမှာ ပါဠိဘာသာဖြင့်ရေးသားသောကျမ်းဖြစ်ပြီး ခေတ်အဆက်ဆက်တွင် မြန်မာဘာသာပြန်ခြင်း၊ ပျို့ကဗျာလင်္ကာဖွဲ့ခြင်းတို့ဖြင့် ယနေ့ခေတ်အထိ လက်ဆင့်ကမ်းခဲ့သော စာပေအမွေဖြစ်သည်။ လောကနီတိ၏ ပထမအခန်းဖြစ်သော ပဏ္ဍိတကဏ္ဍ (ပညာရှိအကြောင်းဖော်ပြသောအခန်း)တွင် ဉာဏဖလဟုခေါ်သောပညာ၏ အခြေခံကျမှု၊ အရေးပါမှုကို ဤသို့ဆိုထားသည်။


**"ပျင်းသောသူအား အတတ်အဘယ်မှာတတ်အံ့နည်း။**
**အတတ်မရှိသောသူအား ဥစ္စာအဘယ်မှာရအံ့နည်း။**
**ဥစ္စာမရှိသောသူအား အဆွေခင်ပွန်းအဘယ်မှာရအံ့နည်း။**
**အဆွေခင်ပွန်းမရှိသောသူအား ချမ်းသာအဘယ်မှာရအံ့နည်း။**
**ချမ်းသာမရှိသောသူအား ကောင်းမှုအဘယ်မှာပြုနိုင်အံ့နည်း။**
**ကောင်းမှုမရှိသောသူအား နိဗ္ဗာန်ကိုအဘယ်မှာရနိုင်အံ့နည်း။"**

ဤအဆိုအမိန့်တွင် အကြောင်းနှင့်အကျိုး အဆင့်ဆင့်ချိတ်ဆက်သွားပုံကို တွေ့နိုင်သည်။ ပျင်းလျှင် ပညာတတ်မည်မဟုတ်။ ပညာမတတ်လျှင် ဥစ္စာရှိမည်မဟုတ်။ ဥစ္စာမရှိလျှင် မိတ်ဆွေရှိမည်မဟုတ်။ မိတ်ဆွေမရှိလျှင် ချမ်းသာရှိမည်မဟုတ်။ ချမ်းသာမရှိလျှင် ကောင်းမှုပြုနိုင်မည်မဟုတ်။ ကောင်းမှုမရှိလျှင် နိဗ္ဗာန်ရောက်မည်မဟုတ်ဟူ၍ အကြောင်းနှင့်အကျိုး ဆက်စပ်ပြသွားခြင်းဖြစ်သည်။ ဖလငါးတန်ရှုထောင့်မှကြည့်လျှင် ဉာဏဖလခေါ် ပညာ၏အရင်းခံကျမှုကို ဤအဆိုအမိန့်တွင် တွေ့နိုင်သည်။ ဉာဏဖလ(ပညာအား)ကို အခြေခံ၍ ဘောဂဖလ (ဥစ္စာအား)၊ မိတ္တဖလ (မိတ်ဆွေအား)၊ စာရိတ္တဖလ(ကိုယ်ကျင့်အား)တို့ ဖြစ်ပေါ်လာရပုံကိုတွေ့ရသည်။

### ပညာသည်အရေးပါကြောင်း မိန့်ဆိုထား

ကာယဖလ (ကာယအား) အကြောင်း ဤအဆိုအမိန့်တွင် တိုက်ရိုက်မပါသော်လည်း 'ပညာ' သည် အခြားလိုအပ်ချက်များကို ပြည့်စုံစေနိုင်သကဲ့သို့ ကိုယ်ကာယကျန်းမာမှု၊ ရောဂါဘယကင်းမှုဟူသောလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ကြောင်း၊ ကာယဖလသည် ဉာဏဖလပေါ်တွင် အခြေတည်ကြောင်း နားလည်နိုင်ပါသည်။ ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရပျို့တွင် **"အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပဲ့ပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့"**ဟု ဖွဲ့ဆိုထားသည်။ အသက်ရှည် အနာမဲ့ခြင်း ဟူသောကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းရန် ပညာသည်အရေးပါကြောင်း မိန့်ဆိုထားခြင်း ဖြစ်သည်။

နောက်အဆိုအမိန့်တစ်ခုမှာ ဆားတုံဆရာတော်၏ ပုတ္တောဝါဒပျို့မှ အများသိကြသော ပညာမသင်သည့် ကုဋေကြွယ်သူဌေးသားအကြောင်းဖြစ်သည်။ **"ရှေးသရောခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်ငြား၊ သူဌေးသားလျှင်"** အစချီ၍ မိဘများက သားကိုလွဲမှားသော




ချစ်ခြင်းဖြင့် အိမ်မှာပင် ပြုစုယုယကာ ပညာသင်ရန် ကျောင်းသို့မပို့သည့်အတွက် စာမတတ် ပေမတတ်ဖြစ်ကာ ဉာဏဖလ ချို့ယွင်းခဲ့ရပုံ၊ မိဘကွယ်လွန်သွားသောအခါ မိဘထားခဲ့သော ပစ္စည်းဥစ္စာများကို ပညာမတတ်သည့်အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း မပြုနိုင်တော့ဘဲ ဘောဂဖလလည်း ချို့ယွင်းရပုံ၊ မိတ်ကောင်းဆွေကောင်းမရှိဘဲ လိမ်လည်လှည့်ဖြားသူများသာတွေ့ရ၍ မိတ္တဖလလည်း ချို့ယွင်းခဲ့ရပုံ၊ မိတ်ဆွေအတုအယောင်များနှင့် မူးရူးသောက်စားကာ စာရိတ္တဖလ ချို့ယွင်းခဲ့ရပုံ၊ နောက်ဆုံးတွင် ခွက်လက်စွဲပြီး တောင်းစားရသောဘဝသို့ရောက်ပြီး အများက ရိုက်ပုတ်နှင်ထုတ်ကြသဖြင့် ရောဂါဝေဒနာစွဲကပ်ကာ သေဆုံးရသည်အထိ ဆိုးကျိုးခံစားရပြီး နောက်ဆုံး ကာယဖလ ချို့ယွင်းခဲ့ရပုံတို့ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။

ဉာဏဖလနှင့်ပြည့်စုံစေရန်၊ ပညာအခြေခံ ခိုင်မာတောင့်တင်းစေရန် လူငယ်များသည် ပညာကို အပတ်တကုတ်ဆည်းပူးနေကြသည်။ ပညာရှာပုံနှင့်ပတ်သက်၍ စတုရင်္ဂဗလအမတ်ကြီး၏ လောကနီတိကို ကုန်းဘောင်ခေတ်တွင် နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ရ အမှာတော်ရေးဦးရှင်ကလေးက 'လောကနီတိပျို့' ဟူ၍ ပျို့ကဗျာအသွင်ဖြင့် ဖွဲ့ထားသည်။ လောကနီတိပျို့တွင် –

**"သိပ္ပကိုမူ၊ နည်းသည်ဟူ၍၊ မအောက်မေ့နှင့်၊ တွေ့ရာမှတ်သား၊ မိုးပေါက်များသော်၊ အင်းနားချောင်းကန်၊ ပြည့်သောဟန်တည့်၊ မှတ်ရန်တစ်ခု၊ နှုတ်မှုလက်မှု၊ အတတ်စုကို၊ ငယ်နုသောအား၊ မမေ့ငြားနှင့်၊ ရင်းဖျားကုန်စင်၊ တတ်မြော်မြင်က၊ တစ်ခုမျှလျက်၊ အသက်မွေးကျောင်း၊ ဖြစ်တုံရှောင်း၏။"** ဟူ၍ ရေးဖွဲ့ထားသည်။ ပညာရှာရာတွင် ပညာတစ်ခုကို နည်းသည် အသေးအဖွဲ့ဖြစ်သည်ဟု သဘောမထားဘဲ ဆည်းပူးရမည်။ အင်းများ၊ ချောင်းများ၊ ကန်များတွင် ရေတဖြည်းဖြည်းပြည့်လာသည့်ပုံအတိုင်း ပညာကို တဖြည်းဖြည်းတိုးပွားလာအောင် သင်ယူရမည်။ နှုတ်မှုပညာ၊ လက်မှုပညာတစ်ခုကို အစအဆုံး အရင်းမှအဖျားအထိတတ်အောင် ဆည်းပူးပါက ထိုပညာသည် အသက်မွေးနိုင်သောပညာဖြစ်လာမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် တစ်ခါက တက္ကသိုလ်မဂ္ဂဇင်းတစ်စောင်တွင် အထက်ပါလောကနီတိအဆိုအမိန့်ကို ကိုးကားလျက် စာတစ်ပုဒ်ရေးသား ချီးမြှင့်ဖူးသည်။ ခေါင်းစဉ်မှာ 'ပန်းပဲရွာမှာ အပ်ရောင်းနိုင်အောင်ကြိုးစားရမည်' ဟူ၍ဖြစ်သည်။ ငါးရာ့ငါးဆယ်နိပါတ်မှ 'သူစိဇာတ်' ခေါ် ဇာတ်ဝတ္ထုကို ကိုးကားမိန့်ဆိုခြင်းဖြစ်သည်။ 'သူစိ' မှာ 'အပ်' ဟု အဓိပ္ပာယ်ရသောပါဠိစကားဖြစ်သည်။ ပန်းပဲရွာသို့ အပ်သွားရောင်းသော ဘုရားလောင်းပန်းပဲဆရာလေးအကြောင်းဖြစ်သည်။

### ပန်းပဲဆရာလေး၏ ပညာစွမ်းကို အလေးအမြတ်ပြု

ဘုရားလောင်းပန်းပဲဆရာလေးသည် ထူးခြားလှသော အပ်တစ်ချောင်းကို ပြုလုပ်ပြီး ပန်းပဲတစ်ထောင်နေထိုင်သော ပန်းပဲရွာသို့သွား၍ 'အပ်ဝယ်ကြမလား' ဟု ကြွေးကြော်သည်။ ပန်းပဲရွာမှာ အပ်လာရောင်းခြင်းမှာ ပန်းပဲသမားများကို စိန်ခေါ်ခြင်းဖြစ်သည်။ ပန်းပဲဆရာကြီးက စိတ်ဝင်စားပြီး အပ်သည်ကိုခေါ်၍ အပ်ကို ပြခိုင်းသည်။ အချောင်းကလေးတစ်ချောင်းထုတ်ပြ၍ 'ဒါအပ်လား' ဟု မေးရာ 'အပ်မဟုတ်ပါ၊ အပ်ကျည် (အပ်ထည့်သောအိမ်) သာဖြစ်ပါသည်' ဟုပြောသည်။ ထိုအပ်အိမ်ကို ချွတ်လိုက်ရာ နောက်ထပ်အချောင်းကလေးထွက်လာပြန်သည်။ 'ဒါအပ်လား' ဟု မေးမြန်းရာ 'မဟုတ်ပါ၊ အပ်ကျည်ပဲဖြစ်ပါသည်' ဟု ဖြေပြန်သည်။ ဤသို့ဖြင့် အပ်ကျည်ခုနစ်ထပ်ကိုချွတ်ပြပြီး နောက်ဆုံးထွက်လာသော သေးသေးမျှင်မျှင် အချောင်းကလေးကိုမှ 'ဒါအပ်ပါပဲ' ဟု ပြောသည်။ ပန်းပဲဆရာကြီးက 'ဒီလောက်သေးငယ်တဲ့အပ်ကလေးက ဘာအစွမ်းရှိသလဲ' ဟု မေးရာ ပန်းပဲဆရာလေးက ရေပေါ်မှာ ပေတုံးတစ်တုံးတင်စေပြီး ပန်းပဲဆရာကြီးအား ထိုအပ်ကလေးကို ပေတုံးပေါ်မှာစိုက်၍ တူဖြင့်ရိုက်စေရာ အပ်ကလေးသည် ပေတုံးကို ထုတ်ချင်းဖောက်ပြီး အောက်က ရေခွက်ထဲသို့ ကျသွားသည်။ ပန်းပဲဆရာကြီးနှင့် တပည့်ပန်းပဲတစ်ထောင်တို့က ဘုရားလောင်းပန်းပဲဆရာလေး၏ ပညာစွမ်းကို အံ့သြချီးကျူးကြသည်။ ပန်းပဲဆရာကြီးသည် ပန်းပဲဆရာလေး၏ ပညာစွမ်းကို အလေးအမြတ်ပြုသောအားဖြင့် တစ်ဦးတည်းသော သမီးချောလေးနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်လေတော့သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ထိုဇာတ်ကို ရည်ညွှန်းပြီး တက္ကသိုလ်ကျောင်းသားများအား ပန်းပဲဆရာလေးကဲ့သို့ ပညာတစ်ရပ်ကို အဆုံးတိုင် ပေါက်မြောက်ထူးချွန်အောင်သင်ယူဆည်းပူးကြရန် "ပန်းပဲရွာမှာအပ်ရောင်းနိုင်အောင် ကြိုးစားကြပါ" ဟု တိုက်တွန်းခြင်းဖြစ်သည်။

လူငယ်များ၏ ဖလငါးတန်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်ဖြင့် လှုပ်ရှားမှုအမျိုးမျိုးကို ပုံဖော်ကြရာတွင် ကာယဖလဖွံ့ဖြိုးရေးဆိုင်ရာ အားကစားသရုပ်ပြပွဲများ၊ ကာယအလှပြပွဲများ၊ ဉာဏဖလဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာဖလှယ်သည့်စကားဝိုင်းများ၊ ဆွေးနွေးပွဲများ၊ စာရိတ္တဖလဖွံ့ဖြိုးရေးဆိုင်ရာ လောကနီတိနှင့် ကိုယ်ကျင့်တရားမြင့်မားရေး ဟောပြောပွဲများ၊ မိတ္တဖလဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဆုံပွဲများ၊ ဘောဂဖလဖွံ့ဖြိုးရေးဆိုင်ရာ စီးပွားရေးအသိပညာဖြန့်ဝေသည့် ဟောပြောပွဲ၊ ဆွေးနွေးပွဲများကို ပုံဖော်ဆောင်ရွက်လျက်ရှိကြပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပုံစံအမျိုးမျိုး၊ အဆင့်အမျိုးမျိုးဖြင့် ပညာသင်ကြားနေသော ကျောင်းများ၊ တက္ကသိုလ်များတွင် ကျောင်းသားလူငယ်များ ဖလငါးတန်ဖွံ့ဖြိုးရေးအတွက် အရင်းခံမူလဖြစ်သော ဉာဏဖလ(ပညာအား) ပြည့်စုံဖွံ့ဖြိုးစေရန် သင်ယူဆည်းပူးခြင်းဖြင့် ကျန်ရှိသော ကာယဖလ (ကာယအား)၊ မိတ္တဖလ(မိတ်ဆွေအား)၊ ဘောဂဖလ(ပစ္စည်းဥစ္စာအား)၊ စာရိတ္တဖလ(ကိုယ်ကျင့် တရားအား) ဟူသော အင်အားများပါ ပြည့်စုံဖွံ့ဖြိုးလာပြီး အနာဂတ်နိုင်ငံတော်၏ "ပိုမိုကောင်းမွန်သော မနက်ဖြန်များ"ကို ပုံဖော်ဖန်တီးနိုင်စွမ်းရှိမည့် လူငယ်များအဖြစ် တင့်တယ်စွာနေရာယူနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ ။

- **ပညာရှာရာတွင် ပညာတစ်ခုကို နည်းသည် အသေးအဖွဲ့ဖြစ်သည်ဟု သဘောမထားဘဲ ဆည်းပူးရမည်။ အင်းများ၊ ချောင်းများ၊ ကန်များတွင် ရေတဖြည်းဖြည်း ပြည့်လာသည့်ပုံအတိုင်း ပညာကို တဖြည်းဖြည်း တိုးပွားလာအောင် သင်ယူရမည်။ နှုတ်မှုပညာ၊ လက်မှုပညာတစ်ခုကို အစအဆုံး အရင်းမှ အဖျားအထိတတ်အောင် ဆည်းပူးပါက ထိုပညာသည် အသက်မွေးနိုင်သောပညာဖြစ်လာမည်ဟု ဆိုလိုခြင်းဖြစ်**
- **ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် တက္ကသိုလ်ကျောင်းသားများအား ပန်းပဲဆရာလေးကဲ့သို့ ပညာတစ်ရပ်ကို အဆုံးတိုင် ပေါက်မြောက်ထူးချွန်အောင် သင်ယူဆည်းပူးကြရန်ဟု တိုက်တွန်း**

# ဆန်ဈေးနှုန်းနှင့် ဆန်ဈေးကွက်တည်ငြိမ်မှုန်ကန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် စက်တင်ဘာ ၆**

ဆန်ဈေးနှုန်းနှင့် ဆန်ဈေးကွက်တည်ငြိမ်မှန်ကန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် ဆန်ဈေးနှုန်းသည် ဖြစ်သင့်ဖြစ်ထိုက်သည့် ပမာဏထက်ကျော်လွန်၍ ဈေးနှုန်းတက်သည့် အနေအထားတစ်ရပ်ကို တွေ့ရပြီး အမြတ်ကြီးရလိုမှုဖြင့် ဝယ်ယူသိုလှောင်ထားကြကာ တဖြည်းဖြည်း ဈေးဆွဲတင် ဆောင်ရွက်နေကြောင်း၊ ကောလာဟလသတင်းများအပေါ် မူတည်၍ ဈေးနှုန်းကို ဆွဲတင်နေကြသည့် ကုန်သည်များ ပိုမိုများပြားလာပြီး ၎င်းတို့က ဈေးဆွဲတင်နေသည်ကို တွေ့ရကြောင်း၊ ဆန်စပါးသည် နိုင်ငံတွင်းထုတ်လုပ်နေသော ကုန်ပစ္စည်းဖြစ်ပြီး ဖူလုံရုံမျှမက ပိုလျှံမှုလည်း ရှိနေ၍ နှစ်စဉ်ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းခန့် တင်ပို့နိုင်ကြောင်း၊ ထို့ကြောင့် ယနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လက်ရှိ ဆန်ဈေးနှုန်းဈေးကွက်တည်ငြိမ်ရေးအတွက် အစိုးရပိုင်းက ဦးဆောင်မှုပြုပေးရမည့် အခန်းကဏ္ဍ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးရမည့် အခန်းကဏ္ဍ၊ ဆန်ဈေးနှုန်းကြီးမြင့်မှုကို အဖြေရှာဖြေရှင်းပေးရမည့် ကိစ္စရပ်များ၊ လက်ရှိ ကုမ္ပဏီများ၊ ဆန်ကုန်စည်ဒိုင်များ၊ ဆန်လက်လီဆိုင်များက ပူးပေါင်းရောင်းချပေးနေမှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြမည့်ကိစ္စရပ်များအပေါ် ပွင့်လင်းမြင်သာစွာ ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ဆန်ဈေးနှုန်းနှင့် ဆန်ဈေးကွက် တည်ငြိမ်မှန်ကန်စေရေး အကြံပြုဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးလှမော်မြင့်မောင်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်များသို့ ဆန်များကို သင့်တင့်မျှတသော ဈေးနှုန်းဖြင့် လိုက်လံရောင်းချပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆန်ဈေးနှုန်းနှင့် ဆန်ဈေးကွက် တည်ငြိမ်မှန်ကန်စေရေး တက်ရောက်ကြသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်အပေါ် လိုသည်များ မှာကြား၍ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးအောင်ဇော်လင်း ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

◆ *ကျောဖုံးမှ*

မြန်မာအသင်းသည် ၂၃ မိနစ်တွင် ဦးဆောင်ဂိုးရခဲ့ပြီး ကောင်းထက်ပိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းအပြီးအထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း မိနစ် ၅၀ ကျော်တွင် ချေပဂိုးပြန်ပေးခဲ့ရသည်။ ကာဂျစ္စတန်အသင်းအတွက် ချေပဂိုးကို ၅၂ မိနစ်တွင် ဘာရူဇာမန်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

### အုပ်စုနောက်ဆုံးပွဲ ကစားမည်

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် စက်တင်ဘာ ၉ ရက်တွင် ကာတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကာတာအသင်းသည် နောက်ဆုံးအဆင့်ပြိုင်ပွဲ၏ အိမ်ရှင်နိုင်ငံဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ထားပြီးဖြစ်သောကြောင့် ယင်းအသင်းနှင့်ရလဒ်ကို ထည့်သွင်းတွက်ချက်မည်မဟုတ်ကြောင်း သိရသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၁၂ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေတက္ကသိုလ်၌ ကျင်းပသော လူငယ်စကားဝိုင်း တက်ရောက်အားပေး



**စစ်တွေ စက်တင်ဘာ ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စစ်တွေတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်တွေတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်း၊ မြင့်မိုရ်ထက်မြင့်သော၊ ဘုဘုစသော တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူငယ်များ၏ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ လူငယ်စကားဝိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် စီစဉ်ကျင်းပပေးခြင်းဖြင့် ကျောင်းသားကျောင်းသူများ၏ အသိအမြင်၊ အတွေးအခေါ်များကို ဖလှယ်နိုင်ပြီး မိမိတွင်ရှိသော ပင်ကိုအရည်အသွေး၊ အစွမ်းအစများကို ထုတ်ဖော်ပြသခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စစ်တွေခရိုင် ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းနှင့် စစ်တွေတက္ကသိုလ် အရှေ့တိုင်းပညာဌာနမှ နည်းပြ ဒေါ်မေဘုတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ကြပြီး စစ်တွေတက္ကသိုလ် ရူပဗေဒဒုတိယနှစ် ဂုဏ်ထူးတန်း ကျောင်းသား မောင်ထက်အာကာမိုး၊ မြန်မာစာ မဟာတန်းကျောင်းသား မောင်အောင်ကြည်လင်း၊ ဥပဒေပထမနှစ် ကျောင်းသူ မဆုမြတ်နိုး၊ အင်္ဂလိပ်စာဒုတိယနှစ် ဂုဏ်ထူးတန်းကျောင်းသူ မထူးရတနာမြင့်၊ အရှေ့တိုင်းပညာ ဒုတိယနှစ် ကျောင်းသူ မအေးနန္ဒာနှင့် ဥပဒေပထမနှစ် ကျောင်းသား မောင်စည်သူနိုင်ထွန်း တို့က လူငယ်နှင့် လောကနီတိခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက ဗိုလ်ရှုသဘင်၊ ရိုးရာကမမ၊ မျက်ဝန်းလဲ့ပြာပြာ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်မေးမြန်းဆွေးနွေးကြကာ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ကိုဝင်းက အမှတ်တရလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မာန်အောင်၌ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော လမ်းတံတားလုပ်ငန်းများစစ်ဆေး

**မာန်အောင် စက်တင်ဘာ ၆**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော လမ်းတံတားများအား ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်ကျော်၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်သွေးထိန်းသိမ်းရေးဌာန(QC) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်မိုးဝင်းနှင့်အဖွဲ့ မာန်အောင်မြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးသန်းနိုင်ဦးနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မာန်အောင်-ခအုံးမော်ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း၊ ဇီးတော-အိုးဝကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဘူးတောင်းကွဲ-ဟင်းစနဲလမ်း ကျောက်ခင်းခြင်း တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်စစ်ဆေးပြီး လုပ်ငန်းများနှင့်ပတ်သက်၍ အရည်သွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်တွင် အချိန်မီပြီးစီးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးခရိုင် ဝေါမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကျော်စိုးနှင့် ဝေါမြို့မစခန်းမှူး ဒုရဲမှူးသစ်လွင်တို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၅ ရက်က ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် သမိုင်းဝင်ဆုတောင်းပြည့်ကြံ့တူစေတီတော်မြတ်နှင့် ရင်ပြင်တော်ပေါ်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်မြတ်လင်း(ပြန်/ဆက်)

# ရွှင်လန်းဝမ်းမြောက် သဒ္ဓါပေါက်ရမယ့်အလှူ •••••

ဇမ



❖ ဖူးမြော်ခွင့်ပြုခဲ့တဲ့ ရက်ပိုင်းမှာတင် အနယ်နယ်အရပ်ရပ်က ဘုရားဖူးကားတွေ တိုးမပေါက်အောင် စည်ကားများပြားခဲ့ပြီး ပိတ်ရက်တွေမှာဆိုရင် တစ်ရက်ကို လူဦးရေငါးသောင်းကနေ ရှစ်သောင်းကျော်အထိ လာရောက်ခဲ့ကြပါတယ်။ အများစုသော ဘုရားဖူးပရိသတ်တွေဟာ စကျင်ကျောက်သားထိုင်တော်မူရုပ်ပွားတော်ကြီးကို ဖူးမြော်ရတဲ့အခါ၊ များပြားလှတဲ့ သာသနိကအဆောက်အအုံတွေ၊ စိမ်းလန်းစိုပြည်တဲ့ မြက်ခင်း၊ တသွင်သွင်ကျဆင်းနေတဲ့ ရေပန်းအလှ စတာတွေကို မြင်တွေ့ကြတဲ့အခါ အံ့သြကြည်နူးမှုမြင်ကွင်းတွေကလည်း ဗုဒ္ဓဥယျာဉ်တော်ကြီးတစ်ခုလုံးမှာ မတွေ့ချင်မှအဆုံး သက်ဝင်လှုပတဲ့ ပန်းချီကားတစ်ချပ်အလား ထင်မြင်ရပါတယ်

ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူ စကျင်ဗုဒ္ဓရုပ်ပွားတော်မာရဝိဇယဘုရားကြီးဆီ တစ်ခေါက်တစ်ခါ ဖူးမြော်ဖို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ်တွေ နေ့စဉ်နဲ့အမျှ စည်စည်ကားကား လာရောက်လျက်ရှိသလို ဗုဒ္ဓဥယျာဉ်တော်ကြီး စိမ်းလန်းစိုပြည်ရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုလည်း အရှိန်အဟုန်နဲ့ ဆက်လက်လုပ်ဆောင်လျက်ရှိတာကို တွေ့ခဲ့ရပါတယ်။

ဖူးမြော်ခွင့်ပြုတဲ့နေ့မှ ယနေ့အထိ စည်ကားများပြားလျက်ရှိနေဆဲကို မြင်တွေ့ရတဲ့အခါ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရသလို ဗုဒ္ဓဝတ္ထုကံအတွင်းက ကြီးကျယ်ခမ်းနားမှု အစုစုအတွက်လည်း အကုန်အကျခံပြီး လှူဒါန်းပေးကြတဲ့ အလှူရှင်တွေအတွက် သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါတယ်။ ယခုလို တန်ဖိုးကြီးမား ခမ်းနားသာယာတဲ့ ဗုဒ္ဓဥယျာဉ်တော်ကြီး မပျောက်မပျက် ရေရှည်တည်တံ့ခိုင်မြဲဖို့ဆိုတာ အလှူရှင်တွေရော၊ ပြည်သူတွေရော၊ အစိုးရရော အားလုံးမှာ တာဝန်ရှိတာပါ။

### ဗုဒ္ဓါဘိသေက အနေကဇာတင် ဗုဒ္ဓါ ဘိသိက်သွန်းလောင်းပူဇော်

ဘုရားကြီး တည်ထားကိုးကွယ်တဲ့နေရာကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်မှာပါ။ ကေပေါင်း ၂၅၅ ကေရှိတဲ့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်မှာ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်တွေ ရွှေထီးတော်တင်လှူပူဇော်ခြင်းနဲ့ ရေစက်ချအောင်ပွဲ မင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားတွေကို ဩဂုတ် ၁ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့မှာ အောင်အောင်မြင်မြင်နဲ့ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ရုပ်ပွားတော်မြတ်ကြီးကို ဆင်းတုတော် ဉာဏ်တော်အမြင့် ၆၃ ပေ၊ ပလ္လင်တော် အမြင့် ၁၈ ပေနဲ့ စုစုပေါင်း ဉာဏ်တော်အမြင့် ၈၁ ပေ တည်ထားတယ်လို့ မှတ်သားရပြီး ဆင်းတုတော် အလေးချိန် ၁၇၈၂ တန်နဲ့ ပလ္လင်တော် အလေးချိန် တန် ၃၅၁၀ ရှိပါတယ်။ ရေရှည်တည်တံ့စေဖို့အတွက် တန်ချိန် ၂၀၀၀၀ လောက်အထိခံနိုင်တဲ့ အောက်ခံအမာ၊ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ အထိ တိုက်ခတ်မှုဒဏ်ခံမှုနဲ့ မိမိတို့နိုင်ငံမှာ အမြင့်ဆုံးလှုပ်ခတ်နိုင်တဲ့ Earthquake Magnitude ၈ ဒသမ ၈ အထိ မြေလျှင်ဒဏ်ခံနိုင်ဖို့အပြင် လျှပ်စီးမိုးကြိုး ဒဏ်ခံနိုင်ဖို့အတွက်ပါ အင်ဂျင်နီယာ ရှုထောင့်အမျိုးမျိုးနဲ့ တွက်ချက်ထားပြီး ရတနာပုံခေတ်ဟန်ကို ခေတ်မီနည်းစနစ်နဲ့ ပေါင်းစပ်လို့ စစ်ဘက်၊ အရပ်ဘက် ပညာရှင်တွေ စုပေါင်းတည်ထားကြတာလို့ မှတ်သားရပါတယ်။

ဗုဒ္ဓဥယျာဉ်တော် အတွင်းမှာရှိတဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်တွေ၊ ဂန္ဓကုဋီတိုက်တွေ၊ သုခမ္မာဇရပ်တွေ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါမိပတိ သသာနဇ္ဇဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီ အဆူ ၇၂၀ စတဲ့ အခြံအရံကုသိုလ်တော်တွေကို ရဟန်းရှင်လူ အများပြည်သူတွေက ဩဂုတ်လ ၈ ရက်နေ့ကနေ စတင်ပြီး အခမဲ့ ဝင်ရောက်ဖူးမြော်ခွင့်ရရှိခဲ့ပါတယ်။

ဖူးမြော်ခွင့်ပြုခဲ့တဲ့ ရက်ပိုင်းမှာတင် အနယ်နယ်အရပ်ရပ်က ဘုရားဖူးကားတွေ တိုးမပေါက်အောင် စည်ကားများပြားခဲ့ပြီး ပိတ်ရက်တွေမှာဆိုရင် တစ်ရက်ကို လူဦးရေ ငါးသောင်းကနေ ရှစ်သောင်းကျော်အထိ လာရောက်ခဲ့ကြပါတယ်။ အများစုသော ဘုရားဖူးပရိသတ်တွေဟာ စကျင်ကျောက်သား ထိုင်တော်မူရုပ်ပွားတော်ကြီးကို ဖူးမြော်ရတဲ့အခါ၊ များပြားလှတဲ့ သာသနိကအဆောက်အအုံတွေ၊ စိမ်းလန်းစိုပြည်တဲ့ မြက်ခင်း၊ တသွင်သွင် ကျဆင်းနေတဲ့ ရေပန်းအလှ စတာတွေကို မြင်တွေ့ကြတဲ့အခါ အံ့သြကြည်နူးမှုမြင်ကွင်းတွေကလည်း ဗုဒ္ဓဥယျာဉ်တော်ကြီးတစ်ခုလုံးမှာ မတွေ့ချင်မှအဆုံး သက်ဝင်လှုပတဲ့ ပန်းချီကားတစ်ချပ်အလား ထင်မြင်ရပါတယ်။

❁ ကေပေါင်း ၂၅၅ ကေဆိုတာ တော်ရုံကျယ်ဝန်းမှုမဟုတ်သလို အတွင်းမှာရှိတဲ့ ဘုရား၊ ကျောင်း၊ ကန်၊ ဗိမာန်၊ ဇရပ်အဆောင်ဆောင်နဲ့ ကျောက်စာချပ်တွေ၊ ပန်းမန်ဥယျာဉ်၊ ရေပန်း၊ လမ်း၊ တံတား စတာတွေဟာ အလှူရှင်တွေရဲ့ သဒ္ဓါတရားကြောင့် နေ့ချင်းညချင်း ရုပ်လုံးပေါ်လာရသလို တစ်သက်မှာတစ်ခါ အခမ်းအနားဆုံးသော မဟာကောင်းမှုတော်ကိုပြုနိုင်သူတွေ ပြုခဲ့ကြခြင်းကြောင့်သာ မိမိတို့ပြည်သူတွေကလည်း ယခုလိုဖူးမြော်ကြည်ညိုခွင့်၊ ဂုဏ်ယူဝင့်ကြွားခွင့်ရခဲ့ကြတာဖြစ်

❁ မြန်မာတို့အတွက် ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ဖွယ် ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး စကျင်ထိုင်တော်မူ ရုပ်ပွားတော်မြတ်ကြီးနဲ့ အခြံအရံကုသိုလ်တွေ ကမ္ဘာတည်သရွေ့တည်တံ့နေစေဖို့ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းတွေဟာ အလွန်အရေးကြီးပြီး စနစ်တကျနဲ့ ရေရှည်ထိန်းသိမ်းနိုင်ဖို့ စီမံအုပ်ချုပ်မှုအဖွဲ့တွေ ဖွဲ့စည်းတာ၊ ထိန်းသိမ်းစောင့်ရှောက်သူတွေ ငှားရမ်းတာ၊ နေ့စဉ်ပြုပြင်ထိန်းသိမ်းမှုတွေ လုပ်ဆောင်တာတွေအတွက် ရေရှည်အစီအမံတွေထားရှိပြီး ပြုလုပ်နိုင်ဖို့ အထူးလိုအပ်ပါတယ်

### အခမဲ့ဖူးမြော်ခွင့်ကို တတိယအကြိမ် ထပ်မံတိုးမြှင့်သတ်မှတ်

မူလက အခမဲ့ လာရောက်ဖူးမြော်ခွင့်ပြုပေးခဲ့တာကို ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိလို့ သတ်မှတ်ထားခဲ့ပေမယ့် များပြားလှတဲ့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာနဲ့ ဆက်လက်ဖူးမြော်နိုင်ကြဖို့အတွက် ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ ဒုတိယအကြိမ် အခမဲ့ ဖူးမြော်ခွင့်ပြုခဲ့ပါတယ်။ အခမဲ့ ဘုရားဖူးခွင့် ရက်တိုးသတ်မှတ်ပြီးတဲ့နောက်မှာလည်း ဘုရားဖူးများ လျော့နည်းကျဆင်းသွားတာမရှိဘဲ တိုး၍သာ လာခဲ့တဲ့အတွက် စက်တင်ဘာ ၃ ရက်အထိ အခမဲ့ ဖူးမြော်ခွင့်ကို တတိယအကြိမ် ထပ်မံတိုးမြှင့်သတ်မှတ်ပေးခဲ့ပါတယ်။

စက်တင်ဘာ ၄ ရက်နေ့ကနေ စတင်ပြီး လာရောက်ဖူးမြော်ကြသူတွေအနေနဲ့ ဝင်ကြေးအခမဲ့ လာရောက်ဖူးမြော်နိုင်ကြမှာဖြစ်သလို မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနဲ့ ဗုဒ္ဓဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် လိုအပ်တဲ့ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့ ကုသိုလ်တော် အလှူငွေ အမျိုးအစားအချို့ကို သတ်မှတ်ကောက်ခံခဲ့ပါတယ်။ ဥပမာအနေနဲ့ ကင်မရာပါတဲ့ ဖုန်းတစ်လုံးကို တစ်ထောင်ကျပ်၊ အပျော်ရိုက်ကင်မရာအတွက် ငွေကျပ် ၅၀၀၀၊ အလှခတ်ပုံနဲ့ လုပ်ငန်းသုံးရိုက်ကူးတာတွေကို ငွေကျပ် ငါးသောင်းနှုန်းအပြင် နာရီဝက် ပိုမိုရိုက်ကူးတိုင်း ၅၀၀၀ ကျပ်၊ ဥယျာဉ်တော် ယာဉ်ရပ်နားကွင်းအတွင်း ယာဉ်ငယ်တစ်စီး ၂၀၀၀၀ ကျပ် စသည်ဖြင့် သတ်မှတ်ထားတာကို မြင်တွေ့ရပါတယ်။ ဘုရားဖူးလာ ဆရာတော်၊ သံဃာတော်တွေ၊ သက်ကြီးရွယ်အိုနဲ့ မသန်စွမ်းသူတွေကတော့ ဥယျာဉ်တော်အတွင်း အခမဲ့ဘက်ဂီစီးနင်းခွင့်ရမှာဖြစ်ပါတယ်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘုရားဖူးမြော်ခွင့်နဲ့ ပတ်သက်ပြီး အမျိုးမျိုးသောအသံတွေကို လူမှုကွန်ရက်တွေမှာ မြင်တွေ့ရတဲ့အခါ ကိုယ်တိုင်မရောက်ဖူးသူတွေ၊ ရောက်ခွင့် မကြုံသေးသူတွေသာ ထင်ကြေးအမျိုးမျိုးနဲ့ ဝေဖန်နေပြီး ရောက်ဖူး၊ တွေ့ဖူး၊ ဖူးမြော်ဖူးသူတိုင်းကတော့ အလှူငွေသတ်မှတ်ချက်အတွက် စနောင့်စနင်းဖြစ်ပုံမရဘဲ ကြည်ညိုခွင့် ရဘိလေခြင်း၊ လှူလာခွင့်ရှိဘိလေခြင်း၊ အလှူပါဝင်ခွင့်ကြုံဘိလေခြင်းလို့သာ နှလုံးသွင်းပြီး ကြည်ကြည်ဖြူဖြူ ပေးအပ်ကြတာကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရပါတယ်။

### ကေပေါင်း ၂၅၅ ကေဆိုတာ တော်ရုံ ကျယ်ဝန်းမှုမဟုတ်

ကေပေါင်း ၂၅၅ ကေဆိုတာ တော်ရုံကျယ်ဝန်းမှုမဟုတ်သလို အတွင်းမှာရှိတဲ့ ဘုရား၊ ကျောင်း၊ ကန်၊ ဗိမာန်၊ ဇရပ်အဆောင်ဆောင်နဲ့ ကျောက်စာချပ်တွေ၊ ပန်းမန်ဥယျာဉ်၊ ရေပန်း၊ လမ်း၊ တံတား စတာတွေဟာ အလှူရှင်တွေရဲ့ သဒ္ဓါတရားကြောင့် နေ့ချင်း ညချင်း ရုပ်လုံးပေါ်လာရသလို တစ်သက်မှာတစ်ခါ အခမ်းအနားဆုံးသော မဟာကောင်းမှုတော်ကို ပြုနိုင်သူတွေ ပြုခဲ့ကြခြင်းကြောင့်သာ မိမိတို့ပြည်သူတွေကလည်း ယခုလို ဖူးမြော်ကြည်ညိုခွင့်၊ ဂုဏ်ယူဝင့်ကြွားခွင့်ရခဲ့ကြတာ ဖြစ်ပါတယ်။ မြန်မာတို့အတွက် ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ဖွယ် ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး စကျင်ထိုင်တော်မူ ရုပ်ပွားတော်မြတ်ကြီးနဲ့ အခြံအရံကုသိုလ်တွေ ကမ္ဘာတည်သရွေ့ တည်တံ့နေစေဖို့ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းတွေဟာ အလွန်အရေးကြီးပြီး စနစ်တကျနဲ့ ရေရှည်ထိန်းသိမ်းနိုင်ဖို့ စီမံအုပ်ချုပ်မှုအဖွဲ့တွေ ဖွဲ့စည်းတာ၊ ထိန်းသိမ်းစောင့်ရှောက်သူတွေ

*စာမျက်နှာ ၉ သို့*

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ၊ ဘုရားဖူးပြည်သူအပေါင်း လာရောက်ဖူးမြော်

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ၊ ဘုရားဖူးပြည်သူအပေါင်း အခမဲ့ လာရောက်ဖူးမြော်နိုင်ရန် ဩဂုတ် ၈ ရက် မှစတင်၍ နံနက် ၆ နာရီမှ ည ၈ နာရီ အတွင်း ဖွင့်လှစ်ထားရှိရာ ယနေ့ စက်တင်ဘာ ၆ ရက်တွင်လည်း အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများဖြင့် ဘုရားကြီးပရိဝုဏ် အတွင်း စည်ကားလျက်ရှိသည်။



ဘုရားဖူးလာပြည်သူများနှင့် မော်တော် ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် များက ယာဉ်ကြောများ ရှင်းလင်းပေး လျက်ရှိပြီး ဘုရားကြီးအဝင် လမ်း တစ်လျှောက်တွင် ဘုရားဖူးလာပြည်သူ များ၏ မော်တော်ယာဉ်များ စနစ်တကျ စီတန်းရပ်နားထားသည်ကို မျက်စိတဆုံး တစ်မျှော်တစ်ခေါ် တွေ့ရသည်။ မုခ်ဦး အဝင်သို့ရောက်ရှိလာသည့် ဘုရားဖူးလာ ပြည်သူများကို လုံခြုံရေးဝန်ထမ်းများက စနစ်တကျစစ်ဆေးလျက်ရှိရာ ဘုရားဖူး လာ ရဟန်းရှင်လူပြည်သူများက ကြည်ဖြူ စွာ အစစ်ဆေးခံကြသည်။

ဘုရားဖူးခရီးသွားများ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း သွားလာမှုလွယ်ကူ စေရန်အတွက် စီစဉ်ပေးထားသည့် ဘက်ဂီမော်တော်ယာဉ်ငယ်များမှာလည်း အသက်အရွယ်ကြီးရင့်သူများနှင့် ကျန်းမာ ရေးမကောင်းသူများကို အခမဲ့ ပို့ဆောင်ပေး လျက်ရှိသကဲ့သို့ ခြေကျင်ဝင်ရောက်သည့် ဘုရားဖူးခရီးသည်များဖြင့် စည်ကားလျက် ရှိသည်။ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ကြည်ညိုသဒ္ဓါပွား များလျက် အလှူငွေများကို ဘုရား ဂေါပကအဖွဲ့ထံ၌ လည်းကောင်း၊ အလှူခံပုံးအသီးသီးတွင် လည်းကောင်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းလျက်ရှိသည်ကို တွေ့ရ သည်။

"ကျွန်တော်တို့မိသားစုက မကွေးမြို့ ကနေ မာရဝိဇယဘုရားကြီးကို လာရောက် ဖူးမြော်တာဖြစ်ပါတယ်။ အံ့မခန်းမာရဝိဇယ ဘုရားကြီးကို တည်ထားဖို့ စကျင်ကျောက် တော်ကြီးတွေ အဆင့်ဆင့် သယ်ယူ ပင့်ဆောင်နေတဲ့ အချိန်ကတည်းက စိတ်အားထက်သန်ပြီး ဝမ်းသာပီတိတွေ ဖြစ်ပေါ်မိပါတယ်။ အဲဒီအချိန်ကတည်းက လာရောက်ဖူးမြော်ဖို့ ဆန္ဒတွေရှိခဲ့ပါတယ်။ ဘုရားကြီးကို အနေကဇာတင်ပြီးတဲ့အခါ မြန်မာနိုင်ငံရဲ့ ဗုဒ္ဓဘာသာသမိုင်းဟာ ပိုပြီးတော့ အစွန့်ရှည်လာမယ်လို့ ယုံကြည် မိပါတယ်။ ဂန္ဓကုဋီတိုက်ထဲမှာ ၂၄ ပစ္စည်း တွေကို ကဏ္ဍတစ်ခုချင်းစီအလိုက် စကျင် ကျောက်တွေနဲ့ ထွင်းထုထားတာအပြင် ပန်းချီလက်ရာပြောင်မြောက်စွာနဲ့ ပြည်သူ တွေ လေ့လာဖူးမြော်နိုင်ဖို့ ဆောင်ရွက် ထားတာလည်း အလွန်ကောင်းမွန်လှပါ တယ်။ လူငယ် လူရွယ်တွေအနေနဲ့ ဘာသာတရားရဲ့အဆုံးအမတွေကို ထဲထဲ ဝင်ဝင် လေ့လာဖူးမြော်ရတဲ့အခါ ယဉ်ကျေး သိမ်မွေ့တဲ့ သူတော်ကောင်းတွေ ဖြစ်လာ မယ်လို့ ယုံကြည်မိပါတယ်။

အခုလို ဖူးမြော်ခွင့်ရတဲ့အတွက် ဦးဆောင်ဘုရားဒါယကာကြီးနဲ့ အလှူရှင် တွေအားလုံးကိုရော ကျေးဇူးတင်ပါ တယ်" ဟု မကွေးမြို့မှ လာရောက် ဖူးမြော်သူ ဦးမြင့်ကိုက ပြောသည်။

မာရဝိဇယဘုရားကြီး ရင်ပြင်တော် ပေါ်တွင် စိတ်အေးချမ်းသာစွာ ဘုရား ဝတ်ပြုသူများ၊ ပဋ္ဌာန်းရွတ်ဖတ်သူများ၊ ဆုတောင်းမေတ္တာပို့သသူများ၊ ကြည်ညို သဒ္ဓါပွားသူများ၊ မုဒိတာပွားများသူများဖြင့် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း မပြတ်စည်ကားလျက်ရှိသည်။

ဘုရားကြီး၏ ရင်ပြင်တော်ပေါ်ရှိ သဒ္ဓါဓိပတိ ခေါင်းလောင်းတော်ကြီးအား တီးခတ်၍ ကုသိုလ်ပြုအမျှဝေကြသူများ၊ ဘုရားရင်ပြင်တော် အောင်မြေပေါ်တွင် အဓိဋ္ဌာန် ဆုတောင်းဖူးမြော်ကြသူများ၊ ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက် များဖြင့် တည်ဆောက်ထားသော ဂန္ဓကုဋီ တိုက် ၂၄ ဆောင်အတွင်းရှိ ဇာတ်နိပါတ် တော်များအား စိတ်ပါဝင်စားစွာ လေ့လာ ဖတ်မှတ်နေကြသူများ၊ ကျောက်စာရုံ စေတီတော် အဆူ ၇၂၀ တို့တွင် ဖူးမြော် ကြည်ညိုသဒ္ဓါပွားများသူများ၊ မုစလိန္ဒ ကန်နှင့် နဂါးရုံဘုရားဖူးမြော်သူများ၊ အဂ္ဂါ ဓိပတိ သာသနာ့ဗိမာန်တော်ကြီးတွင် လေ့လာကြည်ညိုကြသူများနှင့် အသင်း အဖွဲ့လိုက် ဝတ်ရွတ်ပူဇော်သူများ၊ ဇရပ် များအတွင်း အသင်းအဖွဲ့လိုက်နားနေသူ များဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညို ကြသူများကို အခမဲ့ဖူးမြော်ခွင့်ပေးထားပြီး ယနေ့မှစ၍ ဗုဒ္ဓဥယျာဉ်တော်အတွင်း ဝင်ရောက်ချိန်တွင် ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများ ရိုက်ကူး ခြင်းနှင့် အပျော်တမ်းကင်မရာ ရိုက်ကူး ခြင်းများကို ထိုက်သင့်သည့်နှုန်းထားဖြင့် အခကြေးငွေ ကောက်ခံကာ ယူဆောင် ခွင့်ပြုထားရှိကြောင်း၊ ဗုဒ္ဓဥယျာဉ်တော် အတွင်းရှိ ယာဉ်ရပ်နားရန်နေရာတွင် ဝင်ရောက်ရပ်နားမည့် ကိုယ်ပိုင်ယာဉ်ငယ် များ၏ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့် သည့် ရပ်နားခနှုန်းထားများဖြင့် ဝင်ရောက် ခွင့်ပြုထားရှိကြောင်းနှင့် မာရဝိဇယဗုဒ္ဓ ဥယျာဉ်တော်အား နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီ အတွင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**
**ဓာတ်ပုံ - အိမ့်ဘီလီယံမောင်**



*စာမျက်နှာ ၈ မှ*

**ငှားရမ်းတာ၊ နေ့စဉ် ပြုပြင်ထိန်းသိမ်း မှုတွေ လုပ်ဆောင်တာတွေအတွက် ရေရှည်အစီအမံတွေ ထားရှိပြီး ပြုလုပ် နိုင်ဖို့ အထူးလိုအပ်ပါတယ်။**

**တစ်ဖက်မှာလည်း ပြည်သူတွေ စိတ်အေးချမ်းသာစွာနဲ့ ဖူးမြော်နိုင်စေဖို့ အခမဲ့ ဝင်ရောက်ဖူးမြော်ခွင့်ပြုပေးတာ၊ သံဃာတော်တွေ၊ သက်ကြီးရွယ်အိုတွေ အတွက် အခမဲ့ ဘက်ဂီနဲ့ ပို့ဆောင်ပေး တာ၊ ဥယျာဉ်တော်အတွင်း အခမဲ့ အပန်းဖြေခွင့်ပေးတာ၊ မြန်မာမှုလက်ရာ ဗိသုကာတွေကို အခမဲ့ ခံစားကြည့်ရှုနိုင် တာ၊ ပိဋကတ်သုံးပုံ ဆင္ဌသင်္ဂါယနာ တင်မှုကို ဂုဏ်ယူဝမ်းမြောက်ဖွယ် အခမဲ့ လေ့လာနိုင်တာတွေနဲ့ယှဉ်ရင် ဘုရားဖူး ပြည်သူအများကလည်း ဓာတ်ပုံလေး တွေ အမှတ်တရ ရိုက်ကူးဖို့အတွက် ငွေကျပ် ၁၀၀၀ ထည့်ဝင်ရတာမျိုးက အပန်းကြီးတာမဟုတ်ပါဘူး။**

ယနေ့ သမိုင်းဝင်အထင်ကရ စေတီ ပုထိုးတွေ၊ အဆောက်အအုံတွေ အားလုံး ဟာ သမိုင်းအဆက်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြလို့သာ ယနေ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ အဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ရတာဖြစ် ပါတယ်။ မြန်မာနိုင်ငံတင်မကပါဘူး၊ နိုင်ငံတကာက ထင်ရှားတဲ့ ကမ္ဘာကျော် သမိုင်းဝင်အဆောက်အအုံတွေ၊ အထိမ်း အမှတ်နေရာတွေနဲ့ စေတီပုထိုးတွေ အများစုမှာ အခုလိုထိန်းသိမ်းစောင့်ရှောက် ခတွေ ကောက်ခံပြီး စနစ်တကျနဲ့ ရေရှည်တည်တံ့အောင် ဆောင်ရွက်နေ ကြတာကို မြင်တွေ့နိုင်ပါတယ်။ ဥပမာ အားဖြင့် ထိုင်းနိုင်ငံရှိ မြဘုရား၊ ဂျပန် နိုင်ငံရှိ ကမာကူရာဘုရား၊ အင်ဒိုနီးရှား နိုင်ငံရှိ ဗောရောဗုဒုဘုရား စတဲ့ နေရာ တွေမှာ ဝင်ကြေးနဲ့ အခြားအခကြေးငွေ သတ်မှတ်ကောက်ခံတာမျိုးရှိပြီး ရေရှည် ပြန်လည်ပြုပြင် ထိန်းသိမ်းဖို့အတွက် လုပ်ဆောင်နေကြတာမျိုးတွေ ရှိနှင့်ပြီး သားပါ။ ဒါကြောင့် မိမိတို့ကလည်း မြန်မာ့ဂုဏ်ဆောင် မာရဝိဇယ ရုပ်ပွား တော်မြတ်ကြီးအား ဖူးမြော်ရင်း ရွှင်လန်း ဝမ်းမြောက် သဒ္ဓါပေါက်စွာနဲ့ ကုသိုလ်ပြု ကြဖို့ ပန်ကြားလိုပါတယ်။

ယနေ့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဆိုတာ နိုင်ငံရဲ့ မြို့တော်ကြီးဖြစ်တဲ့ အပြင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းက ပျဉ်းမနား၊ လယ်ဝေးအစ ရှိတဲ့ မြို့ကြီးတွေဟာ မူလကတည်းက သာသနာထွန်းကားရာ ဒေသဖြစ်ပြီး ထင်ရှားတဲ့ စေတီပုထိုးတွေ၊ ဘုရား ကျောင်းကန်တွေက များပြားလွန်း လှတာမို့ ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး စကျင်ထိုင်တော်မူ မာရဝိဇယ ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးနဲ့ သာသနိက အဆောက် အအုံတွေကို လေ့လာရင်း တစ်လက် စတည်း နေပြည်တော်တစ်ခွင် ထင်ရှား တဲ့ လေှခွင်းတောင်၊ ဆင်ဖြူတောင်၊ လက်လုပ်တောင်၊ ဥပ္ပါတသန္တိစေတီ တော်မြတ်ကြီး၊ နေပြည်တော် ဗုဒ္ဓ ဂယာ၊ မဟာသကျရံသီ ရုပ်ရှင်တော် မြတ်၊ ညောင်ပင်ကြီးစု ပုဂံဘုရားများ စတဲ့ အထင်ကရ စေတီပုထိုးများ ကိုလည်း ကုသိုလ်ယူ ဖူးမြော်နိုင်ဖို့ တစ်ခါတစ်ခေါက် အရောက်လာ ခဲ့ကြဖို့ သတင်းကောင်းပါးလိုက် ရပါတယ်။ ။

## ကျောက်ဖြူမြို့နယ်၌ လမ်းတံတားများ ကွင်းဆင်းစစ်ဆေး

**ကျောက်ဖြူ စက်တင်ဘာ ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိ သော လမ်းတံတားများကို ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးသည်။ **(အောက်ပုံ)**

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းကို ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်ကျော်၊ စီမံကိန်းစစ်ဆေးရေး နှင့် အရည်အသွေးထိန်းသိမ်းရေးဌာန (QC) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်မိုးဝင်းနှင့်အဖွဲ့၊ ကျောက်ဖြူမြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ) ဦးဖြိုးမင်းအောင်နှင့် ကုမ္ပဏီများမှ တာဝန်ရှိ သူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ် ငွေလုံးငွေရင်း ခွင့်ပြု ရန်ပုံ ငွေဖြင့် တည်ဆောက်လျက်ရှိသော မျှော်ချောင်း၊ သိုင်းချိန် ကျေးရွာချင်းဆက်လမ်း နှင့် စံပါယ်ချောင်- အနောက် ထိန်ဒွေကျေးရွာချင်းဆက်လမ်း တည်ဆောက်ရေး လုပ်ငန်းများကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# နိုင်ငံတော်ဩဝါဒါစရိယ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍာဘိဝံသ ထိုင်းနိုင်ငံမှ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ

**မန္တလေး စက်တင်ဘာ ၆**

နိုင်ငံတော်ဩဝါဒါစရိယ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ်၊ အဘိဇမဟာရဋ္ဌဂုရုဘဒ္ဒန္တကုဏ္ဍာဘိဝံသသည် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဇ မဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဉာဏိဿရ လိုက်ပါ၍ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျန်းမာရေးအရ ဆေးကုသမှု ခံယူခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ပြန်လည်ကြွရောက်လာရာ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးဦးကြိုဆိုဖူးမြော်ကြသည်။

ယင်းနောက် ဆရာတော်ကြီးအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို အနီးကပ်ကြီးကြပ်၍ အပြည့်အဝဆောင်ရွက်ပေးနိုင်ရန် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးရှိ အထူးသီးသန့်ခန်းသို့ပင့်ဆောင်ပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းနိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ သက်အောင်နှင့် အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးကြသည်။



ထို့နောက် သီတဂူဆရာတော်ကြီးအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒခံယူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ကြီး ကျန်းမာရေးစောင့်ရှောက်မှု ခံယူသီတင်းသုံးနေစဉ်အတွင်း အထူးဂရုစိုက်ကြပ်မတ် ဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရေးတို့ကို တာဝန်ရှိသူများကို မှာကြားခဲ့သည်။ **သတင်းစဉ်**

---

# မာရဝိဇယဘုရားကြီးကို အခမဲ့ဝင်ရောက်ဖူးမြော်ခွင့်ပြုပေးတဲ့ ဦးဆောင်ဘုရားဒါယကာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ပြည်သူတွေကိုယ်စား ကျေးဇူးတင်ပါတယ်။


ဦးကေလာသ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားသော ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူအများပြည်သူတို့ အခမဲ့လာရောက်ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထားရှိခဲ့ပြီး ယနေ့ စက်တင်ဘာ ၆ ရက်တွင် ဘုရားဖူးပြည်သူများ အခမဲ့ဖူးမြော်နိုင်ပြီး ကင်မရာပါရှိသည့် လက်ကိုင်ဖုန်းများကို ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေကျပ် ၁၀၀၀ ဖြင့် ဝင်ခွင့်ပြုခဲ့ရာ လာရောက်ဖူးမြော်ကြည်ညိုကြသူများ စည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။

အဖွဲ့အလိုက် ဘုရားဖူးများ၊ အနယ်နယ်အရပ်ရပ်မှ ဖူးမြော်သူများ၏ ကြည်ညိုသဒ္ဓါအား ကောင်းစွာ လှူဒါန်းပူဇော်နေမှုများနှင့် ပျော်ရွှင်စွာ လှည့်လည်ဖူးမြော်နေမှုများကို မြင်တွေ့ရပြီး ဘုရားကြီးသို့ လာရောက်ဖူးမြော်သူများ၏ ပီတိစကားများ၊ အနုမောဒနာသာဓုခေါ်သံများနှင့် သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။

**ဦးကေလာသ (ရန်ကုန်မြို့)**

ဦးပဥ္ဇင်းတို့က ရန်ကုန်မြို့ကနေ နတ်မောက်မြို့မှာရှိတဲ့ စာသင်တိုက်က သံဃာတော်တွေကို ဆွမ်းကပ်ဖို့ထွက်လာတာဖြစ်ပါတယ်။ ဦးပဥ္ဇင်းရဲ့မွေးနေ့လည်း ဖြစ်ပါတယ်။ မွေးနေ့လည်းဖြစ်တော့ နတ်မောက်မြို့မရောက်ခင် စကျင်ကျောက်နဲ့ထုဆစ်ထားတဲ့ ကမ္ဘာပေါ်မှာ အကြီးဆုံးဖြစ်တဲ့ မာရဝိဇယ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးကို ဝင်ရောက်ဖူးမြော်မယ်လို့ လမ်းခရီးစထွက်လာကတည်းက စီစဉ်ထားတာပါ။



ဦးကေလာသ



ကိုသူရိန်



ဒေါ်ခင်စီလွင်



ဒေါ်အိဇင်ဝေမွန်

အရင်ကတော့ ရုပ်မြင်သံကြား သတင်းတွေနဲ့ သတင်းစာတွေမှာ ဖူးမြော်ရတာပေါ့။ ကိုယ်တိုင်ဖူးမြော်ကြည်ညိုချင်တဲ့ စိတ်ဆန္ဒတွေက ဒီနေ့ဒီနေရာကို ရောက်လာအောင် တွန်းပို့နိုင်ခဲ့တာပါ။ ကိုယ်တိုင် ဖူးမြော်ခွင့်ရတဲ့အခါ မွေးနေ့မှာ စိတ်ချမ်းသာမှုတွေ ပြည့်ပြည့်ဝဝ ရရှိပါတယ်။ ဦးဆောင် ဘုရားဒါယကာကြီးအနေနဲ့ ဘယ်သူမှ မလုပ်နိုင်တဲ့ အလုပ်တွေ၊ ခဲရာခဲဆစ်လုပ်ခဲ့ရတဲ့ အလုပ်တွေ၊ ကမ္ဘာပေါ်မှာ အကြီးဆုံး စကျင်ကျောက် ဘုရားကြီးဆိုတဲ့ ဂုဏ်သတင်းတွေ ကြီးမားလာအောင် ကြိုးစားအကောင်အထည်ဖော်တာတွေကို တွေ့မြင်နေရတာ ဘယ်လောက်ခက်ခဲမလဲဆိုတာ ဦးပဥ္ဇင်းတို့ သိပါတယ်။ အဓိကကတော့ စွမ်းနိုင်တဲ့ ပုဂ္ဂိုလ်အနေနဲ့ပဲ အခုလို မာရဝိဇယ ဘုရားကြီးကို အချိန်တိုအတွင်းမှာ တည်ထားနိုင်တာ ဖြစ်ပါတယ်။ ဒီလို တည်ထားခြင်းကြောင့် သမိုင်းမှာ ပယ်ဖျောက်လို့ မရတာတွေ ကျန်ခဲ့ပါတယ်။ ဦးပဥ္ဇင်းအနေနဲ့ မာရဝိဇယဘုရားကြီးကို အခမဲ့ဝင်ရောက်ဖူးမြော်ခွင့်ပြုပေးတဲ့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ပြည်သူတွေကိုယ်စား ကျေးဇူးတင်ပါတယ်။ ခုနစ်ရက် သားသမီးတွေ အန္တရာယ်ကင်းရှင်းကြပါစေ။ သွားလာအိပ်စက်တဲ့အခါ ကပ်ကြီးသုံးပါးမှ အမြဲထာဝရ ကျော်လွှားနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

**ဒေါ်ခင်စီလွင် (ရန်ကုန်မြို့)**

ကျွန်မအနေနဲ့ လူဖြစ်ကျိုးနပ်ရအောင် ရန်ကုန်မြို့ကနေပြီး မာရဝိဇယဘုရားကြီးကို လာရောက် ဖူးမြော်ဖြစ်ခဲ့တာပါ။ ဦးဆောင်ဘုရားဒါယကာကြီး ဖြစ်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ တိုင်းပြည်အတွက် တည်ပေးထားတဲ့ ဘုရားကြီးကို ဘုရားဖူးရဟန်းရှင်လူပြည်သူတွေ ဩဂုတ်လ ၈ ရက်နေ့ကနေ ယနေ့အထိ စည်စည်ကားကားနဲ့ လာရောက်ဖူးမြော်ကြည်ညို နေကြတာကိုလည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ စိန်ရတု လွတ်လပ်ရေးနေ့ နေပြည်တော်မှာ ကျင်းပတဲ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်တဲ့ အခမ်းအနားမှာ ကျွန်မရဲ့ဖခင် ဖြစ်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဗိုလ်ချုပ်မြင့်လွင်ကို နိုင်ငံတော်က သီရိပျံချီဘွဲ့ အပ်နှင်းတဲ့အခါ ကျွန်မ တက်ရောက်လက်ခံခဲ့ပါတယ်။ အဲဒီတုန်းက မာရဝိဇယ ဘုရားကြီးကို တည်ထားနေဆဲဖြစ်တဲ့အတွက် မဖူးမြော်ဖြစ်ခဲ့ပါဘူး။ ဘုရားကြီးကို ဖူးမြော်တဲ့အခါ ဝိုးချဲ့ကအစ၊ ဘက်ဂီကအစ၊ စက်လှေကားအဆုံး အစစအရာရာ အသေးစိတ်ဆောင်ရွက်ပေးထားတာတွေကို မြင်ရတော့ သာဓုအကြိမ်ကြိမ် ခေါ်ဆိုပါတယ်။ နိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူကမ္ဘာသား ကျန်းမာချမ်းသာကြပါစေလို့ ဘုရားကြီးဖူးမြော်ရင်း ဆုတောင်းမေတ္တာတွေ ပို့သပေးခဲ့ပါတယ်။

**ဒေါ်အိဇင်ဝေမွန် ဆရာမ**
**(နေပြည်တော် အ.ထ.က ၁၁)**

ကမ္ဘာ့ဉာဏ်တော် အမြင့်ဆုံး ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကျောင်းသားကျောင်းသူလေးတွေ ဖူးမြော်နိုင်အောင်ဆိုပြီး ကျောင်းအုပ်ဆရာမကြီးရဲ့စီစဉ်မှုနဲ့ လာရောက်ဖူးမြော်ဖြစ်ခဲ့ပါတယ်။ ဂန္ဓကုဋိတိုက် ၂၄ တိုက်အတွင်းက ၂၄ ပစ္စည်းတွေကို ကလေးတွေ မသိသေးတာတွေ အများကြီးသိလာရတယ်။ ကျွန်မအနေနဲ့လည်း ကျောင်းသားကျောင်းသူလေးတွေ နားလည်လာအောင် ရှင်းပြခွင့်ရပါတယ်။ ကျောင်းသားကျောင်းသူလေးတွေအနေနဲ့ စကျင်ကျောက်တွေနဲ့ ထွင်းထုထားတဲ့ အနုစိတ်လက်ရာတွေကိုလည်း သေသေချာချာ စိတ်ဝင်တစားလှည့်လာနေကြတာကိုလည်း မြင်တွေ့ရတော့ ယဉ်ကျေးလိမ္မာတာတွေ၊ အသိပညာဗဟုသုတတွေ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ ကျွန်မတို့ကျောင်းမှာ အတန်းတိုင်းက ကလေးတွေကို ဘုရားကြီးဖူးမြော်ဖို့အတွက် လိုက်လံပို့ဆောင်ပေးနေပါတယ်။ ကျွန်မတို့ကျောင်းက ကျောင်းသား ကျောင်းသူလေးတွေကို ပို့ဆောင်ပေးသလိုပဲ အခြားအခြားသော ကျောင်းတွေက ကလေးတွေကိုလည်း အသိပညာဗဟုသုတတွေ တိုးပွားလာအောင် လိုက်လံပို့ဆောင်ပေးစေချင်ပါတယ်။ ကျောင်းသားကျောင်းသူလေးတွေက ဘုရားကြီးဖူးမြော်ဖို့ ဝင်ကြေးပေးရမှာလားဆရာမဆိုပြီး ကျောင်းမှာ မေးလာတာရှိပါတယ်။ ဝင်ကြေးမပေးရပါဘူးလို့ရှင်းပြတော့ ဝမ်းသာနေကြတာလည်းမြင်ရပါတယ်။ ဘုရားကြီးဖူးမြော်ဖို့ ဝင်ကြေးအခမဲ့ဆိုတော့ ကျောင်းသားကျောင်းသူလေးတွေ ပျော်ရွှင်နေတာ မြင်ရပါတယ်။ အခုလို အခမဲ့ ဝင်ရောက်ဖူးမြော်နိုင်အောင် စီစဉ်ပေးတဲ့ ဦးဆောင်ဘုရားဒါယကာကြီးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျန်းမာပါစေလို့ ဆုမွန်ကောင်းလည်း တောင်းပါတယ်။

**ကိုသူရိန်**
**(နေပြည်တော်၊ ပျဉ်းမနားမြို့နယ်)**

အရင်နေ့တွေကလည်း ဘုရားကြီးကို လာရောက်ဖူးမြော်ဖို့ အစီအစဉ်တွေ ရှိပါတယ်။ ဒါပေမယ့် အလုပ်တွေနဲ့ မအားတဲ့အတွက် ဒီနေ့မှ လာရောက်ဖူးမြော်ဖြစ်ပါတယ်။ ဩဂုတ်လ ၈ နေ့ကစပြီး ဘုရားကြီးကို အခမဲ့ဖူးမြော်ခွင့်ပြုခဲ့တာလည်း သိရပါတယ်။ အဲ့ဒီနောက် ဘုရားဖူးလာရဟန်း ရှင်လူ ပြည်သူတွေ ကြိတ်ကြိတ်တိုး စည်ကားစွာ လာရောက် ဖူးမြော်ခဲ့တဲ့အတွက် အခမဲ့ ဝင်ရောက်ဖူးမြော်နိုင်ဖို့ ရက်တိုး သတ်မှတ်ခဲ့ပါတယ်။ ယခုအခါမှာလည်း ဘုရားကြီးကို ဖူးမြော်တဲ့ ပြည်သူတွေအနေနဲ့ အခမဲ့ ဖူးမြော်ခွင့်ပြုပေးထားတဲ့အတွက် ဦးဆောင်ဘုရားဒါယကာကြီးကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါတယ်။ ဘုရားကြီးရဲ့ ပရိဝုဏ်ထဲ ရောက်ကတည်းက ကိုယ်စိတ်နှလုံး အလွန်ပဲ အေးချမ်းလှပါတယ်။ မာရဝိဇယဘုရားကြီးဟာ ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူ ကျောက်ဆစ် ရုပ်ပွားတော်တွေထဲမှာ ဉာဏ်တော်အမြင့်ဆုံးဘုရားကြီးဖြစ်တဲ့အတွက် မြန်မာနိုင်ငံအတွက်လည်း ဂုဏ်ယူစရာအဖြစ်ပေါ်ထွန်းလာခဲ့သလို ဘာသာရေးအတွက်လည်း အဖိုးမဖြတ်နိုင်တဲ့ ဘုရားကြီးတစ်ဆူ ဖြစ်ပါတယ်။ ဘုရားကြီးကို နေပြည်တော် ပတ်ဝန်းကျင်မြို့နယ်က ဒေသခံတွေအပြင် တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဘုရားဖူးပြည်သူတွေလည်း တစ်ခဲနက်လာရောက် ဖူးမြော်ကြတာကို ဝမ်းသာဖွယ်ရာ တွေ့မြင်ရပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေအနေနဲ့ မာရဝိဇယဘုရားကြီးကိုဖူးမြော်ပြီး နေပြည်တော်က အထင်ကရနေရာတွေကိုလည်း လာရောက်လည်ပတ်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - အိမ့်ဘီလီယံမောင်**

# နေပြည်တော်တွင် လည်ပတ်ရာခရီးစဉ်ဒေသ ၃၈ နေရာ ဖော်ထုတ်ထားရှိပြီး ပြည်တွင်း/ပြည်ပခရီးသွားများ လာရောက်လည်ပတ်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၃)အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ ကော်မတီအဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကို Clean City၊ Green City၊ Smart City ဖြစ်စေရန်အတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်စေလိုကြောင်း၊နေပြည်တော်အတွင်း ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခင်ရှိပြီး ခရီးစဉ်နေရာဒေသများ အပြင် အပန်းဖြေအနားယူနိုင်သော ခရီးစဉ်နေရာအသစ်များကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ခရီးသွားလုပ်ငန်းများ၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် တိုက်ရိုက်ဆက်စပ်နေသည့် (MSMEs) ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းနှင့် နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူးတို့က နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ကော်မတီအဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းကိုယ်စားလှယ်များက နေပြည်တော်အတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများအလိုက် လက်ရှိဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ အသိအမှတ်ပြုတံဆိပ်များရရှိကြသည့် Grand Aster Villa Hotel၊ ပြည့်ဖြိုးဝေမိုတယ်နှင့် မြင့်မိုရ်စံမိုတယ်တို့ကို တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

နေပြည်တော်တွင် ယခင်က ခရီးသွားများ လည်ပတ်ရာ ခရီးစဉ်ဒေသ ၃၄ ခု ရှိရာမှ ခရီးစဉ်ဒေသအသစ်လေးခု ဖော်ထုတ်နိုင်ခဲ့သည့်အတွက် ယခုအခါ ခရီးစဉ်ဒေသ စုစုပေါင်း ၃၈ နေရာ ဖော်ထုတ်ထားရှိပြီး အဆိုပါခရီးစဉ်နေရာများသို့ ပြည်တွင်း/ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ"** လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အမှတ် (၁၈) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး၊ ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင်အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်က နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအဟန့်အတားဖြစ်စေသော အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်၍ နိုင်ငံ့အနာဂတ်လူငယ်များကို ကိုယ်ကျင့်တရားကောင်းမွန်စေရန် ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း၊ ထိုသို့ ပျိုးထောင်ရာတွင် ပညာသင်ကြားရာ စာသင်ခန်းများမှ စတင်ရမည်ဖြစ်ကြောင်း၊ အနာဂတ် ခေါင်းဆောင်လူငယ်များကို ကျင့်ဝတ်နှင့်အညီ ထိရောက်သော စီမံခန့်ခွဲမှုရှိသည့် ခေါင်းဆောင်ကောင်းများ ဖြစ်ပေါ်လာစေရန် ပြုစုပျိုးထောင်ခြင်းဖြင့် အဂတိလိုက်စားမှုလျော့နည်းပပျောက်ပြီး ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ"** ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး Speaker များအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။



ထို့ပြင် ပညာရေးဝန်ကြီးဌာန အခြေခံပညာအဆင့် (မူလတန်းနှင့် အလယ်တန်း) အဆင့်များမှ စတင်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တောင်ကြီးမြို့ အမှတ်(၁၅)အခြေခံပညာ အလယ်တန်းကျောင်း၌ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးခွဲမှ အမှုထမ်းများက ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာနှင့် ပညာပေး (Edutainment) အစီအစဉ်ပါ အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့ကြသည်။

**"အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ"** လူငယ်စကားဝိုင်းများ ဆောင်ရွက်ရခြင်းမှာ လူငယ်များအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ သိရှိစေရန်၊ အဂတိလိုက်စားမှုကို ဆန့်ကျင်လိုသည့် လူ့အဖွဲ့အစည်းဖြစ်ထွန်းလာစေရန်နှင့် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြောင်းမြ ပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်းကျင်းပ

**မြောင်းမြ စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မြောင်းမြပညာရေးဒီဂရီကောလိပ် လူငယ်သီတင်းပတ်လှုပ်ရှားမှု ပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြောင်းမြပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်း၍ လူငယ်များ ဗဟုသုတပြည့်စုံစေရေး၊ အသိပညာဗဟုသုတ တိုးပွားစေရေး၊ နှုတ်မှုစွမ်းရည်ထက်မြက်ပြီး ရဲဝံ့လိမ္မာစွာ စကားပြောဆိုနိုင်ရေးတို့အတွက် လူငယ်စကားဝိုင်းကို မြောင်းမြပညာရေး ဒီဂရီကောလိပ် မြရတုခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်၍ မြောင်းမြပညာရေးဒီဂရီကောလိပ်မှ ဒုတိယနှစ် (ပထမနှစ်ဝက်) သင်တန်းသား သင်တန်းသူများဖြစ်ကြသော မောင်တိုးထက်နိုင်နှင့် မောင်ကျော်သူရဖြိုးတို့က လူငယ်နှင့် ခေါင်းဆောင်မှု၊ မောင်ကျော်ဇင်သန့်က လူငယ်နှင့် မျိုးချစ်စိတ်၊ မသင်းသင်းယုပို နှင့် မဟန်နီဗိုလ်တို့က လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဒုံးမြို့နယ် ဆိပ်သာမြို့နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ထိုင်းနိုင်ငံမှ စားသောက်ကုန်ပစ္စည်း ကုန်ကြမ်းဝယ်လိုအားမြင့်တက်၍ ပိုမိုတင်ပို့နိုင်

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂ ရက်မှ စက်တင်ဘာ ၄ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၄၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃၇၁ သန်း၊ စုစုပေါင်း ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၁၃ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ကုန်တင်ပို့မှုအနေဖြင့် လယ်ယာထွက် ကုန်ပစ္စည်းများဖြစ်သည့် ပြောင်း၊ ငရုတ်၊ ဂေါ်ဖီ၊ နှမ်း၊ ကြက်သွန်နီ၊ ကွမ်းရွက်၊ ကွမ်းသီးခြောက်နှင့် ရေထွက်ပစ္စည်းများဖြစ်သည့် ခုံး၊ ကဏန်း၊ ငါးမြွေထိုး၊ ငါးခွေးလျှာ၊ ငါးပါးလျှပ်နှင့် ငါးကြင်းဆီဖောင်းတို့ကို တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းတင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စက်ဘီးအပိုပစ္စည်း၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ စက်ဆီ/ချောဆီ၊ အိမ်သုတ်ဆေး၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်း၊ အထည်ချုပ်လုပ်ငန်း၊ ဆေးဝါးများ၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ဓာတ်မြေဩဇာနှင့် ငါးဖမ်းပစ္စည်းတို့ကို တင်သွင်းနိုင်ခဲ့သည်။

ယခုအခါ ထိုင်းနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်လာမှုနှင့်အတူ အသုံးပြုရန် လိုအပ်ချက်ကြောင့် စားသောက်ကုန်ပစ္စည်း ကုန်ကြမ်းဝယ်လိုအားမြင့်တက်နေ၍ လတ်တလောကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများနှင့် ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်း၊ ကုန်ပစ္စည်း စစ်ဆေးမှုများတွင် ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိသည်။



ငွေဈေးနှုန်းအနေဖြင့် ယခုအပတ်တွင် တစ်ဘတ်လျှင် ၁၀၃ ဒသမ ၀၉ ကျပ် ဖြစ်သဖြင့် ဘတ်ဈေး အနည်းငယ် ကျဆင်းခဲ့ကြောင်း သိရသည်။

## စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး / ပြည်နယ်များသို့ ဆန်စီးထွက်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ရွှေဘို၊ ကလေး၊ ကသာနှင့် ကန့်ဘလူခရိုင်များအနေဖြင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဇူလိုင်လအတွင်း ဆန်စီးထွက်မှုများမှာ ရန်ကုန်တိုင်းဒေသကြီးသို့ အိတ် ၆၁၀၀၀၊ မန္တလေးတိုင်းဒေသကြီးသို့ အိတ် ၁၀၇၅၇၀၊ မကွေးတိုင်းဒေသကြီးသို့ အိတ် ၁၈၃၀၊ ရှမ်း (တောင်) သို့ အိတ် ၁၈၀၀၀၊ ရှမ်း (မြောက်) သို့ အိတ် ၁၈၀၀၀၊ နေပြည်တော် သို့ အိတ် ၂၅၅၀၀၊ ကချင်ပြည်နယ် သို့ အိတ် ၃၆၀၀၊ စုစုပေါင်း အိတ် ၂၃၅၅၀၀၊ တန်အားဖြင့် ၁၁၇၇၅ တန် စီးထွက်ခဲ့ပြီး ဩဂုတ်လအတွင်း ဆန်စီးထွက်မှုမှာ ရန်ကုန်တိုင်းဒေသကြီးသို့ အိတ် ၇၂၅၀၀၊ မန္တလေးတိုင်းဒေသကြီးသို့ အိတ် ၁၃၇၈၀၀၊ မကွေးတိုင်းဒေသကြီးသို့ အိတ် ၃၀၀၀၊ ရှမ်း(တောင်) သို့ အိတ် ၂၁၅၀၀၊ ရှမ်း (မြောက်) သို့ အိတ် ၂၁၅၀၀၊ နေပြည်တော်သို့ အိတ် ၂၆၅၀၀၊ ကချင်ပြည်နယ်သို့ အိတ် ၄၆၀၀၊ စုစုပေါင်း အိတ် ၂၈၇၄၀၀၊ တန်အားဖြင့် ၁၄၃၇၀ စီးထွက်ခဲ့ရာ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဆန်စီးထွက်မှုများ နှိုင်းယှဉ်ပါက ဩဂုတ်လတွင် အိတ်ရေ ၅၁၉၀၀၊ တန်အားဖြင့် ၂၅၉၅ တန် ပိုမိုစီးထွက်ခဲ့ကြောင်း သိရှိရသည်။

**DOCA (စစ်ကိုင်း)**

## စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုဆောင်ရွက်နိုင်မှု အခြေအနေ

မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရခိုင်ပြည်နယ် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့ဖွင့်လှစ်၍ နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂ ရက်မှ ၅ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန် တင်ပို့/တင်သွင်း စာရင်းများအရ ပို့ကုန် အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၁၇၆ သန်းနှင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၁၇၆ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပို့ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် မန်ကျည်းစေ့ ၃၇ တန်၊ ဆီးဖတ် ၃၁ တန်နှင့် ချင်းအစို ၂၃ တန် တင်ပို့နိုင်ခဲ့သည်။

ငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၁၇ တာကာနှင့် တစ်တာကာလျှင် ၂၉ ဒသမ ၈၀ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

**(စစ်တွေကုန်သွယ်ရေးစခန်း)**

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၅ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၃၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၅၄၆ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉၇၈ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ရော်ဘာ ၃၅၄၆ ဒသမ ၁၃ တန်၊ ပဲတီစိမ်း ၂၀၂၀ ဒသမ ၂၅၀ တန်၊ ပဲယဉ်း ၁၆၉၄ ဒသမ ၂၃၀ တန်၊ ပဲလွန်းဖြူ ၁၁၁၄ ဒသမ ၂၉၉ တန်၊ နှမ်းနက် ၂၇၀ ဒသမ ၀၀၀ တန်၊ စွန်တာနီပဲ ၉၀၁ ဒသမ ၀၀၀ တန်၊ မြေထောက်ပဲ ၁၇၀ ဒသမ ၀၀၀ တန်၊ ဆန်ကွဲ ၅၈၂ ဒသမ ၀၀၀ တန်၊ မြေပဲဆန် ၁၃၅ ဒသမ ၀၀ တန်နှင့် ပြောင်း ၆၄၈ ဒသမ ၂၅၀ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ သံနှင့် သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ချည်ထည်များ၊ စက်နှင့်စက် အပိုပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဓာနှင့် ဓာထိုးထားသော အထည်အလိပ်များ၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ သံနှင့် သံမဏိ (လုပ်ငန်းသုံး) ပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ တင်သွင်းနိုင်ခဲ့သည်။

**(ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း)**

## ၆ - ၉ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၃၀၀ | | ၁၂၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၄၃၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၀၀ | | ၁၆၀၀၀ | ၈၂၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၁၁၅၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၅၀၀ | ၃၃၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၄၀၀ | ၃၀၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၈၃၀၀ | ၁၈၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၃၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၁၅၆၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၉၀၀ | ၁၀၅၀၀ | ၉၅၀၀ | ၄၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၃၉၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၆၀၀ | ၈၁၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၃၀၀ | ၃၉၀၀ | ၄၁၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၁၀၀ | | ၁၅၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၈၀၀၀ | ၈၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၉၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၈၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၈၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀၀ | ၆၀၀ | ၈၅၀၀ | ၇၃၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၆၂၀၀ | | ၁၄၅၀၀ | ၄၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၈၅၀၀ | ၉၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၄၇၀၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၈၀၀ | ၉၃၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၇၀၀ | ၈၅၀၀ | ၇၈၀၀ | ၃၂၀၀ | ၂၆၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၄၀၀၀ | ၄၆၀၀ | ၂၅၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၅၀ | | ၁၆၀၀၀ | ၄၄၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၅၀၀ | ၂၉၀၀ | ၂၃၀၀ | ၃၆၅၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၆၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၄၀၀ | ၉၀၀၀ | ၅၃၀၀ | ၅၆၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၆၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၈၄၀၀ | ၉၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၅၂၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၀၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၃၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၃၀၀၊ ဆား တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၅၀၊ မြေပဲဆန် တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၄၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန်နှင့် ငစိန်ဆန် တစ်ပြည်လျှင် လားရှိုးတွင် ငွေကျပ် ၂၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံနှင့် မကွေးတွင် ငွေကျပ် ၃၀၀၊ မော်လမြိုင်တွင် ငွေကျပ် ၁၀၀၊ ကလေးတွင် ငွေကျပ် ၁၀၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၅၀၀၊ လွိုင်ကော်တွင် ငွေကျပ် ၅၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မော်လမြိုင်တွင် ငွေကျပ် ၂၀၀၊ နနွင်းတက် တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၃၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၂၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၃၀၀၊ ရန်ကုန်တွင် ငွေကျပ် ၅၀၀၊ အာလူး တစ်ပိဿာလျှင် မြိတ်နှင့် စစ်တွေတွင် ငွေကျပ် ၃၀၀၊ ရန်ကုန်တွင် ငွေကျပ် ၅၀၀၊ ပြည်တွင် ငွေကျပ် ၂၀၀ ဈေးကျခဲ့ပါသည်။

# ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါ ကို ဗုံးဖြင့် တိုက်ခိုက်ခံရမှုတွင် သံသယရှိသူအား စွဲချက်တင်



ကီမူရာယူဂျီ အား ဖမ်းဆီးထားသည်ကို တွေ့ရစဉ်။

**တိုကျို စက်တင်ဘာ ၆**

ဧပြီလအတွင်းက ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ အနီးသို့ ပေါက်ကွဲစေတတ်သည့် ဖောက်ခွဲရေး ပစ္စည်းကို ပစ်ပေါက်ခဲ့သည့် သံသယရှိသူ အမျိုးသား ကို အစိုးရရှေ့နေများက စွဲချက်တင်ခဲ့သည်ဟု သိရသည်။ ဝါကာယာမာခရိုင် အစိုးရရှေ့နေရုံးက အသက် ၂၄ နှစ်အရွယ် ကီမူရာယူဂျီ အား စက်တင်ဘာ ၅ ရက်တွင် စွဲချက်တင်ခဲ့သည်။

ကီမူရာယူဂျီသည် ဂျပန်နိုင်ငံအနောက်ပိုင်း ဝါကာယာမာမြို့ ငါးဖမ်းဆိပ်ကမ်း၌ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ၏အနီးသို့ ဖောက်ခွဲရေးပစ္စည်း ပစ်ပေါက်ခဲ့သည်ဟု ရှေ့နေများက စွပ်စွဲထားသည်။ ကီရှီဒါသည် ကြားဖြတ်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုအတွက် မိန့်ခွန်းပြောကြားရန် အဆိုပါဒေသသို့ ရောက်ရှိနေခြင်းဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း လူနှစ်ဦးဒဏ်ရာ ရရှိခဲ့ပြီး ကီမူရာကိုမူ အခင်းဖြစ်ပွားရာနေရာတွင်ပင် ဖမ်းမိခဲ့သည်။ အဆိုပါ ဖောက်ခွဲရေးပစ္စည်းသည် လူသေဆုံးမှု သို့မဟုတ် ဒဏ်ရာရရှိမှုကို ဖြစ်စေနိုင်သည်ဟု စုံစမ်းစစ်ဆေးမှုများအရ အတည်ပြုထားသည်။ ၎င်းကိုသုံးလကြာ စိတ်ပိုင်းဆိုင်ရာအကဲဖြတ်မှုများပြုလုပ်ပြီးနောက် ၎င်းမှာ ရာဇဝတ်မှုအရ စွဲချက်တင်နိုင်ကြောင်း ရှေ့နေများက ဆုံးဖြတ်ခဲ့သည်။ ၎င်းမှာ ဖမ်းဆီးခံရပြီးသည့် အချိန်မှစကာ နှုတ်ဆိတ်နေခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ် EG.5 ကူးစက်မှု တူနီးရှားနိုင်ငံ၌ ပထမဆုံးတွေ့ရှိ

**တူးနစ် စက်တင်ဘာ ၆**

တူနီးရှားနိုင်ငံသည် နိုင်ငံအတွင်း ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ် EG.5 ကူးစက်မှုကို တွေ့ရှိခဲ့သည်ဟု စက်တင်ဘာ ၅ ရက်တွင် တူနီးရှားအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။ တူးနစ်မြို့ ချားလ်နီကိုလီဆေးရုံ၌ မွေးကင်းစတစ်ဦးကို ဆေးစစ်မှုပြုလုပ်ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ် EG.5 ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု တူနီးရှားနိုင်ငံ၏ ကိုဗစ်-၁၉ နှိမ်နင်းရေးကော်မတီမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟတ်ခ်မီလူစီယာ၏ ပြောကြားချက်အရသိရသည်။

အဆိုပါ မွေးကင်းစကလေးမှာ အခြေအနေတည်ငြိမ်မှု ရရှိပြီးနောက် ဆေးရုံမှ ဆင်းသွားခဲ့ပြီဖြစ်သည်။ အဆိုပါကလေးငယ်သည် မိသားစုဝင်များထံမှ ကူးစက်ခြင်း သို့မဟုတ် ဆေးရုံဝန်ထမ်းများထံမှ ကူးစက်ခြင်းလားဆိုသည်ကိုမူ မသိရသေးချေ။ ကိုဗစ်-၁၉ မျိုးကွဲသစ်မှာ ကူးစက်မှုနည်းပြီး ပြီးခဲ့သည့် မျိုးကွဲများကဲ့သို့ ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက်မည့် အန္တရာယ်မရှိဟု ၎င်းက ဆက်ပြောသည်။

EG.5 သည် အိုမီခရွန် XBB.1.9.2 ၏ မျိုးကွဲဖြစ်ပြီး EG.5 နှင့် ဆက်နွှယ်သည့်ကူးစက်မှုကို ဖေဖော်ဝါရီလအတွင်း စတင်တွေ့ရှိခဲ့သည်။ ဩဂုတ် ၉ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဆိုပါ မျိုးကွဲကို စိတ်ဝင်စားဖွယ်မျိုးကွဲအဖြစ် သတ်မှတ်ခဲ့သော်လည်း တစ်ချိန်တည်းမှာပင် ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက်နိုင်ခြင်း မရှိဟုလည်း မှတ်ချက်ပြုခဲ့သည်။

**ဆင်ဟွာ**

## တိုယိုတာကုမ္ပဏီ စက်ရုံပိတ်ရသည့်အကြောင်းကို ထုတ်ဖော်ပြောကြား

**တိုကျို စက်တင်ဘာ ၆**

တိုယိုတာကုမ္ပဏီသည် ပြီးခဲ့သည့်လအတွင်း ဂျပန်နိုင်ငံရှိ ၎င်းတို့၏ စက်ရုံများကို နှစ်ရက်ကြာပိတ်ခဲ့ရသည့်အကြောင်းကို ထုတ်ဖော်ပြောကြားခဲ့သည်။ ကွန်ပျူတာ အချက်အလက်သိမ်းဆည်းမှုဆိုင်ရာ စွမ်းဆောင်ရည်ပြဿနာကြောင့် နှစ်ရက်ကြာစက်ရုံများ ပိတ်ခဲ့ရခြင်းဖြစ်ပြီး ဆိုက်ဘာတိုက်ခိုက်မှုကြောင့် မဟုတ်ကြောင်း ရှင်းပြခဲ့သည်။

တိုယိုတာကုမ္ပဏီသည် ဩဂုတ် ၂၉ ရက်တွင် ၎င်းတို့၏ ပြည်တွင်းရှိစက်ရုံ ၁၄ ရုံ ၌ ထုတ်လုပ်မှုရပ်ဆိုင်းခဲ့သည်။ စနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် အခြားသော ကားအစိတ်အပိုင်းများ မှာယူရန် မဖြစ်နိုင်ခဲ့ပေ။ နောက်တစ်နေ့ ညနေပိုင်းအထိ စက်ရုံများအားလုံးတွင် ထုတ်လုပ်မှုကို ပြန်လည်စတင်နိုင်ခြင်းမရှိခဲ့ချေ။

ဩဂုတ် ၂၇ ရက်တွင် ထိန်းသိမ်းမှုဆိုင်ရာ လုပ်ဆောင်မှုများ လုပ်ဆောင်စဉ် ပြဿနာဖြစ်ပြီး စနစ်တစ်ခုလုံး ပိတ်ကျသွားခြင်းဖြစ်သည်။ ထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းစဉ်များကို လုပ်ဆောင်ရာတွင် အလားတူအဖြစ်အပျက်မျိုး နောင်တွင်မဖြစ်ပွားစေရန်အတွက် ပြန်လည်သုံးသပ်သွားမည်ဟုလည်း တိုယိုတာကုမ္ပဏီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမည်

**တိုကျို စက်တင်ဘာ ၆**

လေဆိုင်စုံများကြောင့် ဂျပန်နိုင်ငံ ကန်တိုနှင့် တိုဟိုကုဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ နောက်ထပ်လည်း မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသအရာရှိများက သတိပေးထားသည်။ တိုကိုင်ဒေသနှင့် အီဇူကျွန်းပေါ်တွင် မိုးတိမ်များထူထပ်စွာ ဖြစ်ပေါ်လျက်ရှိသည်။

ဂျပန်မိုးလေဝသအေဂျင်စီက မတည်ငြိမ်သော လေထုအခြေအနေများသည် ဂျပန်နိုင်ငံအနောက်ပိုင်းမှ မြောက်ပိုင်းအထိ ဖွဲ့စည်းဖြစ်ပေါ်လျက်ရှိကြောင်းပြောသည်။ အီဘရာကီခရိုင်၏ ဟီတာချီအိုမီယာမြို့နှင့် ကန်တိုဒေသတွင် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီအထိ မိုးရေချိန်သည် ၅၂ ဒသမ ၅ မီလီမီတာအထိ ရောက်ရှိလာခဲ့သည်။

မီယာဂီခရိုင် တိုဟိုကုဒေသ အီရှိနိုမာကီမြို့တွင် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီအထိ ၁၂ နာရီကြာကာလတွင် မိုးရေချိန် ၁၅၅ ဒသမ ၅ မီလီမီတာအထိရောက်ရှိလာခဲ့ကြောင်း၊ အဆိုပါပမာဏသည် စက်တင်ဘာတစ်လလုံး၏ မိုးရွာသွန်းမှုထက် ပိုများနေကြောင်း သိရသည်။ မိုးတိမ်များသည် စက်တင်ဘာ ၇ ရက်အထိ တိုကိုင်းဒေသနှင့် အီဇူကျွန်းပေါ် ဖြန့်ကြက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။ ယင်းက သဘာဝဘေးအန္တရာယ်ကို ရုတ်တရက်ဖြစ်ပေါ်စေနိုင်သည်။

**အင်န်အိတ်ချ်ကေ**

## တူကီယဲမြို့တော် အစ္စတန်ဘူလ်တွင် မိုးသက်မုန်တိုင်းကျရောက်ပြီး နှစ်ဦးသေဆုံး



**အန်ကာရာ စက်တင်ဘာ ၆**

တူကီယဲနိုင်ငံ အကြီးဆုံးမြို့တော် အစ္စတန်ဘူလ်တွင် မိုးသက်မုန်တိုင်းကျရောက်ရာ နှစ်ဦး သေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရရုံးက စက်တင်ဘာ ၆ ရက်က ကြေညာချက် ထုတ်ပြန်လိုက်သည်။

မြို့တော် မြောက်ပိုင်းဒေသ၌ ဒေသစံတော်ချိန် ည ၉ နာရီဝန်းကျင်တွင် မိုးကြီးလေကြီး ကျရောက်ခဲ့ခြင်း ဖြစ်သည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် လျှပ်တစ်ပြက်ရေကြီးရေလျှံခြင်းများ ဖြစ်ပွားလျက်ရှိပြီး လူနေအိမ်နှင့် ဆိုင်ခန်းပေါင်း ထောင်ကျော် ပျက်စီးခဲ့ကာ လူတချို့ သောင်တင်လျက်ရှိသည်။

ရေဘေးမှ ကယ်ဆယ်ထားသူများကို အစိုးရ ဧည့်ဂေဟာနှင့် အိပ်ဆောင်များတွင် နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။ တူကီယဲ အနောက်မြောက်ပိုင်းတွင် အင်္ဂါနေ့ကတည်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

**ဆင်ဟွာ**

## တိုင်ဖွန်းမုန်တိုင်း ဟိုက်ကွေးကြောင့် ဖူကျိုးမြို့၌ လူပေါင်း ၃၆၀၀၀ ကျော် ဘေးလွတ်ရာ ပြောင်းရွှေ့

**ဖူကျိုး စက်တင်ဘာ ၆**

တိုင်ဖွန်းမုန်တိုင်း ဟိုက်ကွေး (Haikui) ကြောင့် ရုတ်တရက် မိုးသည်ထန်းစွာ ရွာသွန်းမှုဖြစ်ပွားခဲ့သည့်အတွက် တရုတ်နိုင်ငံ အရှေ့ပိုင်း ဖူကျန့်ပြည်နယ်၏ မြို့တော် ဖူကျိုး၌ လူပေါင်း ၃၆၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း အာဏာပိုင်များက စက်တင်ဘာ ၆ ရက်တွင် ပြောသည်။



စက်တင်ဘာ ၆ ရက် နံနက် ၇ နာရီအထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့နယ် ၁၄၇ ခု ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ပြီး တိုက်ရိုက်စီးပွားရေးဆုံးရှုံးမှု ယွမ် ၅၅၂ သန်းကျော် (အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၇ သန်းခန့်) ရှိကြောင်း မြို့ရေကြီးရေလျှံမှု ထိန်းချုပ်ရေးနှင့် မိုးခေါင်မှု လျော့ပါးရေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၅ ရက် ည ၉ နာရီမှစတင်ကာ မြို့တွင်းဒေသ အနှံ့အပြား မိုးသည်းထန်စွာ ရွာသွန်းမှု ဖြစ်ပွားခဲ့သည့်အတွက် မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများ၊ မူကြိုကျောင်းများနှင့် ပြင်ပသင်တန်းကျောင်းများကို စက်တင်ဘာ ၆ ရက်တွင် ရပ်နားထားဆဲ ဖြစ်ကြောင်းနှင့် မြို့တွင်း ဘတ်စ်ကားများ၊ မြေအောက်ရထားများ၊ ရထားများနှင့် လေဆိပ်အကြိုအပို့ ဘတ်စ်ကားများ ပြေးဆွဲမှုကိုလည်း ယာယီ ရပ်နားထားကြောင်း သိရသည်။

ထို့အပြင် အပန်းဖြေစခန်းများနှင့် ပန်းခြံများကိုလည်း ယာယီ ပိတ်ထားကြောင်း သိရသည်။ ဖူကျန့်ပြည်နယ်သည် စက်တင်ဘာ ၅ ရက် ည ၁၁ နာရီတွင် မိုးသည်းထန်စွာရွာသွန်းမှုအတွက် အရေးပေါ်တုံ့ပြန် ဆောင်ရွက်မှု အဆင့် (၂) သို့ တိုးမြှင့်ခဲ့သည်။

**ဆင်ဟွာ**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကိုဆုကြေးငွေများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့မွန်းလွဲပိုင်းတွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား သုံးဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## နီပေါအသင်းနှင့်ခြေစမ်းပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်ကစားသမား ၂၇ ဦး ရွေးချယ်

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် နီပေါလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ခြေစမ်းပွဲအတွက် အပြီးသတ်ကစားသမား ၂၇ ဦး ရွေးချယ်ခဲ့ပြီး စက်တင်ဘာ ၆ ရက် ညနေပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်း လူစာရင်းတွင် ဂိုးသမား-ကျော်ဇင်ဖြိုး (ရှမ်းယူနိုက်တက်)၊ ပြည့်ဖြိုးအောင် (ဟံသာဝတီ)၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ ဇင်ညီညီအောင် (ဒဂုံစတား)၊ နောက်တန်း-ဟိန်းဖြိုးဝင်း (ရတ်ချာဘူရီ-ထိုင်း)၊ စိုးမိုးကျော် (ဖနွမ်းပင်ခရောင်း-ကမ္ဘောဒီးယား)၊ ရဲမင်းသူ၊ နန္ဒကျော်၊ ကျော်ဇင်လွင် (ရှမ်းယူနိုက်တက်)၊ ဇော်ရဲထွန်း၊ ဟိန်းဇေယျာလင်း၊ ဇင်ကိုထက် (ရန်ကုန်ယူနိုက်တက်)၊ အလယ်တန်း - လွင်မိုးအောင် (ရရောင်း-ထိုင်း)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ-ထိုင်း)၊ စည်သူအောင် (ချိုင်းနတ်-ထိုင်း)၊ ထက်ဖြိုးဝေ၊ မြတ်ကောင်းခန့် (ရှမ်းယူနိုက်တက်)၊ ဝေလင်းအောင်၊ ဆွမ်လမန် (ဒဂုံစတား)၊ ရန်နိုင်ဦး (ရန်ကုန်)၊ အောင်လှိုင်ဝင်း (မဟာယူနိုက်တက်)၊ နေမိုးနိုင် (ဟံသာဝတီ)၊ ရှေ့တန်း-အောင်သူ၊ အောင်ကောင်းမာန်(အူထိုင်းထာနီ-ထိုင်း)၊ သန်းပိုင် (ချင်းမိုင်ယူနိုက်တက်- ထိုင်း)၊ အီစိုး (ကာဆာဆတ်-ထိုင်း) နှင့် ဝင်းနိုင်ထွန်း(ဘော်နီယို-အင်ဒိုနီးရှား) တို့ ပါဝင်ကြသည်။ အပြီးသတ်လူစာရင်းတွင် ပြည့်ဖြိုးအောင် (ဂိုး)၊ ဇော်ရဲထွန်း၊ ဆွမ်လမန်၊ အီစိုးတို့ ပြန်လည်ရွေးချယ်ခံရသလို နေမိုးနိုင်၊ အောင်လှိုင်ဝင်း၊ ဇင်ညီညီအောင်တို့လည်း ပထမဆုံးရွေးချယ်ခံရသည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် နီပေါလက်ရွေးစင်အသင်းသည် စက်တင်ဘာ ၈၊ ၁၁ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ခြေစမ်းကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**




## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၆**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ko Pyae (ကိုပြည့်)” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ပြည့်စုံအား ညနေ ၆ နာရီတွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇာတ်လမ်းရယ်စုံ ညောင်နှစ်ပင်ဇုန်

စိုးတင့်(ရောဝတီ)
အမျိုးသားစာပေဆုရှင်(၂၀၂၁)

*(ယမန်နေ့မှအဆက်)*

### ခြံသမားကြီး ဦးဖိုးထောင်

တစ်ဖက်က ပြည်တွင်းရေကြောင်းတွင် အထွေထွေမန်နေဂျာ တာဝန်ထမ်းဆောင်ရင်း တစ်ဖက်တွင် ခြံလုပ်ရခြင်းဖြစ်၍ အလုပ်က မလွယ်ကူပါ။ ရုံးဆင်းသည်နှင့် အပြေးသွားပြီး အပြန်တွင် မိုးချုပ်တတ်ပါသည်။ ထိုအချိန်က ကားများရှင်းပြီး ယခုလောက် လမ်းမကျပ်သေးပါ၊ စနေ၊ တနင်္ဂနွေဆို ခြံထဲတွင် ရှိနေတတ်ပြီး တစ်ခါတလေ ခြံထဲတွင်ဖြစ်သလို အိပ်ရတာများ လည်းရှိပါသည်။ မိုးတွင်းတွင်တော့ သွားလို့မရပါ။ အပင်များက မြေရိုင်းဖြစ်၍ အဖြစ်မြန်ကြပါသည်။ ဈေးကွက်မရှိ အခွန်လွတ်ဈေးသွားဖို့ကလည်း မလွယ်၊ ခြံသမားကြီး ကိုဖိုးထောင်တို့ တော်တော်ဒုက္ခရောက်ခဲ့ရပါသည်။

သို့သော် ဦးဖိုးထောင်တို့ လင်မယားပျော်ပါသည်။ ခြံထဲသွား အပင်စိုက်တာ ကြည့်၊ စိတ်ကူးယဉ်ပြီး စိုက်ကွက်တွေဖော်နှင့် အချိန်ကုန်မှန်းမသိကုန်ပါသည်။ မိုးဦးကျတွင် ခြံထဲမှ ထွက်သော မာလာပွင့်၊ မျှစ်၊ ငါးရံ့ပတူ၊ မှို၊ ရင်းတိုက်ရွက်နု၊ ဖလံတောင်ဝှေး၊ ရေကြက်သွန်၊ မြင်းခွာ၊ ညောင်ချဉ်ဖူးများကို လတ်လတ်ဆတ်ဆတ်ခူး ငါးမီးဖုတ် ငပိရည်ကျိုပူပူလေးနှင့် ဗမာကြက်ကာလသားဟင်းလေးနှင့် ခြံထဲတွင် ထမင်းစားရတာ အလွန်ထမင်းမြိန်ပါသည်။ ထမင်းချက်၊ ဟင်းချက်ကောင်းသော တူတော်မောင်လှိုင်ဝင်း၏ လက်ရာများက မမေ့နိုင်စရာဖြစ်ခဲ့ပါသည်။ ရေစပ်စပ်တွင် ယက်ဖြင့်ထိုး၍ ရရှိသော ငါးပေါက်ကလေးဟင်းကလည်း အလွန်ချိုမြိန်လှပါသည်။ ဘာအပူမှမရှိဘဲ ပကတိ ပျော်ရွှင်မှုများရခဲ့ပါသည်။

※ ခြံထဲသွား အပင်စိုက်တာ ကြည့်၊ စိတ်ကူးယဉ်ပြီး စိုက်ကွက်တွေဖော်နှင့် အချိန်ကုန်မှန်းမသိ ကုန်ပါသည်။ မိုးဦးကျတွင် ခြံထဲမှ ထွက်သော မာလာပွင့်၊ မျှစ်၊ ငါးရံ့ပတူ၊ မှို၊ ရင်းတိုက်ရွက်နု၊ ဖလံတောင်ဝှေး၊ ရေကြက်သွန်၊ မြင်းခွာ၊ ညောင်ချဉ်ဖူးများကို လတ်လတ်ဆတ်ဆတ်ခူး ငါးမီးဖုတ် ငပိရည်ကျိုပူပူလေးနှင့် ဗမာကြက်ကာလသားဟင်းလေးနှင့် ခြံထဲတွင် ထမင်းစားရတာ အလွန်ထမင်းမြိန်ပါသည်။ ထမင်းချက်၊ ဟင်းချက်ကောင်းသော တူတော်မောင်လှိုင်ဝင်း၏ လက်ရာများက မမေ့နိုင်စရာ ဖြစ်ခဲ့ပါသည်။ ရေစပ်စပ်တွင် ယက်ဖြင့်ထိုး၍ ရရှိသော ငါးပေါက်ကလေးဟင်းကလည်း အလွန်ချိုမြိန်လှပါသည်။ ဘာအပူမှမရှိဘဲ ပကတိ ပျော်ရွှင်မှုများရခဲ့

ကိုယ်တိုင်သွားရင်နေဖို့ ပေ (၃၀ x ၄၀) ရှိသော နှစ်ထပ် သစ်သားအိမ်လေးက ရွှေပြည်သာမှ လက်သမားဆရာကြီး ကိုမြင့်အေး၏လက်ရာ ဖြစ်ပါသည်။ ထိုအချိန်က ညောင်နှစ်ပင်တွင် သူခိုးသူဝှက်များမရှိဘဲ လုံခြုံစိတ်ချမ်းသာခဲ့ရပါသည်။

တစ်ခါတလေ ပဲခူးရိုးမ အစပ် C15 ဘက်မှ မျက်စိလည် လမ်းမှားပြီး စိုက်ခင်းများသို့ ဝင်ရောက်လာသော တောနေသတ္တဝါ ဒရယ်တစ်ကောင်မှာ ခြံသမားများ ညာသံပေး၍ ဝိုင်းလိုက်ခြင်းကြောင့် မောပန်းပြီး မပြေးနိုင်တော့ဘဲ ဆူးချုံများလည်း ငြိနေပြီး နောက်ဆုံးတွင် တပည့်များ၏ တုတ်၊ ဓား၊ ဝါးချွန်လက်ချက်ဖြင့် သေပွဲဝင်ခဲ့ရသည်ကိုပါ ကိုယ်တိုင်တွေ့မြင်ကြုံခဲ့ရပါသည်။ ဒရယ်သားမှာ အလွန်ချိုသော်လည်း မျက်လုံးလေးပြူးပြီး သနားစရာ သေပွဲဝင်နေသော အဖြစ်ကိုမြင်ပြီး မဆောင်းမှာ ကျွေး၍မရဖြစ်ခဲ့တာကလည်း အမှတ်ရစရာဖြစ်ပါသည်။

### သွေးကင်ဆာအား မြွေပွေးနှင့်ကု

အနီးအနားအကွက်ရှိ တစ်ပတ်စဉ်တည်း သူငယ်ချင်း စန်းလွင်လေးခြံထဲတွင် အလုပ်လုပ်နေသော ပန်းကြိုင်တို့ လင်မယားမှာ မိသားစုငါးဦးရှိပြီး အလုပ်မျိုးစုံ လုပ်ကြပါသည်။ မိမိခြံမှ အလုပ်ရှိရင်လည်း ခေါ်ခိုင်းသဖြင့် သားသမီးလို ဖြစ်နေပါသည်။ ပန်းကြိုင်သမီး အလတ်မငြိမ်းငြိမ်းမှာ ရှစ်နှစ်ခန့်ရှိပြီး စကားတတ်ကာ ချစ်စရာကောင်းပါသည်။ ဦးဖိုးထောင်နှင့် ဒေါ်ဆောင်းတို့ ခြံထဲရောက်လာပါက သတင်းကြားတာနဲ့ မောင်နှမတွေ ရောက်လာကြပါသည်။ လင်မယားနှစ်ယောက်အား မျက်လုံးဝိုင်းကြီးများဖြင့် ပြူးပြဲကြည့်နေပြီး "ဘာလို့ကြည့်တာလဲ" ဟု မေးရာ လှလို့ကြည့်တာပါ။ ဒါဆို ဦးနဲ့အန်တီက ဘယ်သူနဲ့တူလည်းဟုမေးရာ "ဦးက ရန်အောင်နဲ့တူတယ်။ အန်တီက စိုးမြတ်သူဇာနဲ့တူတယ်" ဟု ပြန်ပြောရာ အားလုံး ဝါးလုံးကွဲအောင်ရယ်မောခဲ့ရတာလည်း အမှတ်တရတစ်ခုပါ။

ဦးဖိုးထောင်တို့ လင်မယားကလည်း သံယောဇဉ်ဖြစ်နေပြီး ထိုကလေးတွေအတွက် မုန့်အမြဲပါသွားတတ်ပါသည်။ ငြိမ်းငြိမ်းလေးမှာ မကြာခဏ နေမကောင်းဖြစ်ပြီး မျက်နှာမှာ ဖြူဖပ်ဖြူဖပ်ဖြစ်နေ၍ မှော်ဘီဆေးခန်းပြရာ မသက်သာ၍ ရန်ကုန်သို့ ပါရဂူနှင့်ခေါ်ပြသောအခါ သွေးကင်ဆာဖြစ်နေကြောင်း သိရပါသည်။ နှစ်လတစ်ကြိမ် သွေးသုံးပုလင်းခန့် သွင်းနေရပြီး မိမိက ပြည်တွင်းရေကြောင်းရှိ တပည့်များ အကူအညီဖြင့် လိုအပ်နေသော သွေးများ အလှူခံပေးပြီး ကုပေးရပါသည်။

ကြာလာတော့ ပန်းကြိုင်မှာ အားနာလာဟန်ရှိပါသည်။ အဆက်အသွယ်မရတာ ကြာလာပြီ မသက်သာ၍ စုံစမ်းရာ ကလေးအတွက် ဆေးမကုနိုင်တော့ဘဲ ဆေးကုရန် သွေးလိုအပ်ချက်ကို အားနာ၍ ကံမသကာထားနေကြောင်း သိရပါသည်။ မိမိမှ စိတ်မကောင်းဖြစ်ပြီး မင်းကလေးကို ဒီအတိုင်း ပစ်ထားလို့မရဘူး။ ငါကြားဖူး၊ ဖတ်ဖူးတာကတော့ အဆိပ်ရှိတဲ့ မြွေပွေးအရှင်ကိုဖမ်းပြီး လည်ဖြတ်၊ သွေးစိမ်းကိုခံပြီး အဲဒီသွေးကိုသောက်၊ အဲဒီမြွေကို ချက်စားရင် မြွေရဲ့အဆိပ်ဓာတ်ကြောင့် သွေးတွင်း ပြောင်းလဲမှုဖြစ်ပြီး သွေးကင်ဆာပျောက်တယ်လို့ ကြားဖူးတယ်ဟု ပြောလိုက်ရာ ပန်းကြိုင်မှာ ညောင်နှစ်ပင်ကွင်းတွင် မြွေဖမ်းဆရာလုပ်ပါတော့တယ်။ သားသမီးဇောက ဘာကိုမှ မကြောက်တော့ပါ။

ညောင်နှစ်ပင်ကွင်းတွင် မြွေပေါပါသည်။ ထူးဆန်းသည်မှာ မြွေသွေးလတ်လတ်ဆတ်ဆတ် သောက်သည့် အကျိုးကြောင့်ထင်သည်၊ ပန်းကြိုင်သမီးလေး ငြိမ်းငြိမ်းမှာ ဘာသွေးမှ ထပ်မသွင်းရဘဲ တစ်နှစ်အတွင်း သွေးကင်ဆာမှာ သိသိသာသာ ပျောက်ကင်းသွားပါသည်။ သို့သော် ကြောင်ငေးငေးနှင့် သတိတော့ မေ့တတ်သွားတယ်ဟု သိရပါသည်။ ထိုကလေးမှာ ယခုအခါ ကျန်းမာရေးကောင်းမွန်ကာ ယောကျ်ားရပြီး ကလေးတစ်ဦးပင်ရှိကြောင်းသိ၍ အံ့သြဝမ်းသာမိပါသည်။

### ငမူးတစ်သိုက်နှင့် စပါးကြီးမြွေကြီး

ညောင်နှစ်ပင်ဇုန်မှာ ၂၀၁၅ နောက်ပိုင်းတွင် ပြစ်ထားသလိုဖြစ်နေပြီး လုံခြုံရေးအရ စိတ်မချရ၊ စိုက်ခင်းများအတွက် ရေမလွှတ်ပေး၊ လမ်းများ ပြုပြင်သည်ဟု ဆိုသော်လည်း ဇုန်တာဝန်ခံများနှင့် ပြစ်ထားပြီး ရန်ပုံငွေမရရှိသဖြင့် တော်တော်ပျက်သွားသဖြင့် ခြံသမားများက ကိုယ်နည်းကိုယ်ဟန်ဖြင့် ခက်ခက်ခဲခဲရပ်တည်နေရပါတော့သည်။ အရက်ဆိုင်များ ပေါ်လာပြီး မည်မည်ရရ အလုပ်မလုပ်ဘဲ ရရစားစားဘဝများ ဖြစ်ခဲ့ပါသည်။

ဦးဖိုးထောင်လည်း တပည့်များကို စားစရိတ်လောက်သာ ပေးနိုင်ပါတော့သည်။ သူစိုက်သူယူ စနစ်ကျင့်သုံးခဲ့ရပါသည်။ ဘယ်သူကမှလည်း ဂရုမစိုက် တော်တော် စိတ်ပျက်စရာကြီး ဖြစ်ခဲ့ပါသည်။ တူတော်မောင် အပါအဝင် မြန်အောင်(၇)အိမ်တန်း ဖက်မှလာသော ရပ်ဆွေရပ်မျိုးများမှာ စားရုံအပင်လေးစိုက်၊ ကျန်သည့်အချိန် ကျပန်းအလုပ်လုပ်၊ ကိုယ့်တာဝန် ကိုယ်ယူနှင့် ဖြစ်လာပါတော့သည်။ စီမံကိန်းဇုန်မှာ ကုန်ထုတ်လုပ်ငန်းများလုပ်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းအောင်လုပ်၊ ရေမပြတ်ရရှိပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးမွေးမြူနေရမှာကို အဲဒီလိုမဖြစ်ဘဲ မိုးတွင်းတွင် ခြံအလုပ်သမားများနှင့် လမ်းပန်းဆက်သွယ်ရေးကြောင့် လုံးဝ အဆက်အသွယ် ပြတ်သွားခဲ့ရတာမျိုးလည်း ကြုံရပါသည်။

ခြံထဲရှိ တူတော်မောင်လှိုင်ဝင်းတို့ တစ်သိုက်က အိမ်ရှေ့ လမ်းဘေးရှိ ဈေးဆိုင်ထဲတွင် ညနေဘက် စကားပြောနေကြရာ မိုးတွင်းကာလ တောင်ပေါ်မှ ရေနှင့် ပါလာသော စပါးကြီးမြွေကြီးမှာ ခြံရှေ့မြောင်းကြီးအတွင်းမှနေ၍ လူသံကြား၍ တဲနားသို့ ချဉ်းကပ်လာသည်ကို ဘယ်သူမှ မသိလိုက်ပါ။ ကလေးတစ်ယောက်မှ ဝါးလုံးရေကျတွင် ခြေထောက်သွားဆေးရာ ထိုမြွေကြီးက ကလေးအား ခြေထောက်ကို လှမ်းဆွဲလိုက်ရာ ဘွတ်ဖိနပ်ရှည်ဝတ်ထား၍ မိမိရရမရှိဘဲ ကလေးမှာ လဲကျသွားပြီး ကြောက်အားလန့်အားဖြင့် "မြွေကြီးမြွေကြီး" ဟု အသံကုန် အော်ပါတော့သည်။

ကလေးအော်သံကြောင့် ညောင်နှစ်ပင်ဇုန်သား လှိုင်ဝင်းတို့တစ်သိုက်မှာ မကြောက်မရွံ့ မြွေကြီးကို ဝိုင်းရိုက်ပြီး ဖမ်းကြပါတော့သည်။ နာရီဝက်ခန့် လုံးထွေးတိုက်ခိုက်နေကြပြီး နောက်ဆုံးတော့ မြွေကြီးငြိမ်သွားကာ အဖမ်းခံလိုက်ရပါတော့သည်။ လက်နှိပ်ဓာတ်မီးဖြင့် သေချာထိုးကြည့်ရာ ရိုးမဘက်မှ တောင်ကျရေများနှင့်အတူ မျောပါလာသော အရှည်ကိုးတောင်ခန့် လုံးပတ်တစ်ပေခန့်ရှိသော စပါးကြီးမြွေဖြစ်ကြောင်း သိရပါသည်။ ဇုန်ထဲတွင် ထိုအချိန်က ၂၀၁၆ လောက်ဖြစ်မည်ထင်သည်။ ထို စပါးကြီးမြွေသည်းခြေနှင့် တစ်ကောင်လုံး အတွက် သူတို့အဖွဲ့ ငွေကျပ်သုံးသိန်းခန့် ရလိုက်သည်ဟု သိရပါသည်။

နောက်တစ်ခါ ဖမ်းမိတဲ့ စပါးကြီးမြွေမှာ ငါးတောင်ခန့်ရှိပြီး ရှစ်ပိဿာခန့် လေးသည်ဟု သိရပါသည်။ ထိုမြွေကြီးကိုတော့ သူတို့ စိတ်ကောင်းဝင်နေချိန်ဖြစ်၍ အရှင်ဖမ်းကာ ဂုန်နီအိတ်နှင့်ထည့်ပြီး ပန်းတစ်ပွင့်တောင်ဘုရား ဘုန်းကြီးကျောင်းသို့ ပေးပို့လှူဒါန်းခဲ့ကြကြောင်း သိရပါသည်။

၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိမှာ ညောင်နှစ်ပင်ဇုန်တွင် မိုးတွင်းဆို ရေမြုပ်၊ နွေတွင် ရေမရှိ၍ စိုက်ခင်းမြေများ ပပ်ကြားအက် အပင်များရေငတ်ပြီး သေကျေပျက်စီးကုန်ပါသည်။ အထူးသဖြင့် ဆည်မှရေမပေးနိုင်တော့သလို ဇုန်ကြီးကြပ်သူများမှ ကြပ်မတ်မှုလည်း မရှိတော့ပါ။ M5 လမ်းမကြီးလောက်သာ ရေအနည်းငယ်ရပါသည်။ ခြံအလုပ်သမားများကလည်း မိမိအကွက်အတွင်းရှိ လက်ယက်ရေတွင်းများတူး၍ တစ်ပိုင်တစ်နိုင်သာ စိုက်နိုင်ပါတော့သည်။ စားဝတ်နေရေးများ ကျပ်တည်းလာပြီး အနီးအနားရှိ စက်ရုံများသို့ သွားရောက် အလုပ်လုပ်ခြင်း၊ ဆိုင်ကယ်ကယ်ရီဆွဲခြင်းဖြင့် ဖြစ်သလို အသက်မွေးဝမ်းကျောင်းပြုနေရသော ဘဝများသို့ ရောက်သွားပါသည်။

ဦးဖိုးထောင်မှ မီတာခဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကလေးကျောင်းစရိတ်များ ထောက်ပံ့ပေးမှု အနည်းငယ်တော့ ပေးနိုင်ပါသည်။ ခြံအလုပ်သမားများမှာ ရပ်ဆွေရပ်မျိုးများဖြစ်၍ အခြေအနေကို နားလည်ပါသည်။ ဘာမှအပူမကပ်ပါ။ သူတို့ကို ခြံထဲတွင် နေခွင့်ပေးနေတာကိုပင် ကျေးဇူးတင်နေကြပါသည်။ ဦးဖိုးထောင် စိုက်ခင်းထဲတွင် မိသားစုငါးစု စုစုပေါင်း ၃၁ ဦး မှီတင်းနေထိုင်လျက် ရှိပါသည်။

နိုင်ငံအတွက် အရေးပါသော စိုက်ပျိုးရေးဇုန်ကြီး အလုပ်များ ရပ်နေပြီး ရည်ရွယ်ချက် ပျောက်နေသော အခြေအနေကို မြင်ရသည်မှာ စိတ်မချမ်းသာစရာကောင်း လှပါသည်။ ရေမရ၊ မီးမမှန်ဘဲ ဇုန်လုံခြုံရေးလည်း မရှိတော့ပါ။ သို့သော် ခြံသမားများဖြင့် ဖွဲ့ထားသည်ဆိုသော ဇုန်ကော်မတီရုံးကတော့ တစ်ယူနစ်ကို ၂၅၀၀၀ ကျပ်နှုန်းသွင်းခိုင်းပါသည်။ ဇုန်အတွင်း လမ်းများ၊ မီးတိုင်များနှင့် အခြားလိုအပ်သည်များ ပြုပြင်ရန်ဟု ဆိုပါသည်။ တစ်ခါမှတော့ စာရင်းရှင်းတမ်းမထုတ်ပြန်ပါ။ အောင့်သက်သက်နဲ့ လမ်းပြင်စရိတ်ပေးနေရပါသည်။ ဇုန်လူကြီးလည်း သုံးဦးပြောင်းသွားပါသည်။

၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် နိုင်ငံတော်က ရန်ကုန်နှင့် တီးတိန်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါ တွေ့ရှိ၍ နိုင်ငံတစ်ဝန်းလုံး အထူးဂရုပြုကြရန် တရားဝင်ကြေညာရင်း ကိုဗစ်ပထမလှိုင်းက မြန်မာနိုင်ငံသို့ ရောက်လာရာ ဦးဖိုးထောင်နှင့် ညောင်နှစ်ပင်ဇုန်တပည့်များ မတွေ့ရတော့ပါ။ တစ်ပတ်တစ်ခါ ဖုန်းဖြင့် ဆက်သွယ်မှုလုပ်နေရင်း သူ့အပူကိုယ့်အပူနှင့် နောက်ပိုင်းအဆက်အသွယ် ပြတ်သွားပါတော့သည်။

ကိုဗစ်ဒုတိယလှိုင်းကာလ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလနှင့် တတိယလှိုင်းကာလ ၂၀၂၁ ခုနှစ် ဇွန်၊ ဇူလိုင်လမှာတော့ ဦးဖိုးထောင်တို့မိသားစု ကိုဗစ်ရှောင်ရင်း ပြင်ဦးလွင်မြို့တွင် သွားရောက်နေထိုင်ခဲ့ပါသည်။ ကိုဗစ်အဆိုးဆုံးအချိန် ၂၀၂၁ ခုနှစ် ဇူလိုင်လမှာတော့ ညောင်နှစ်ပင်ဇုန်တွင် နှစ်ရှည်လများ အနစ်နာခံ စောင့်ရှောက်ပေးနေသော တူတော်မောင် လှိုင်ဝင်း ကိုဗစ်ကြောင့် အသက်ဆုံးရှုံးသွားပါတော့သည်။ ဦးဖိုးထောင်တို့လည်း မသွားနိုင်ဘဲ တူတော်မောင် သေဆုံးမှုမှာ အရပ်ကောင်း၍ အလောင်းလှုခဲ့ရပါသည်။

### ညောင်နှစ်ပင်ဇုန်၏ အလှည့်အပြောင်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်လာပါသည်။ ကိုဗစ်အခြေအနေမှာ အဆိုးရွားဆုံး တတိယလှိုင်း၊ စတုတ္ထလှိုင်းများကို ကျော်ဖြတ်၍ ၂၀၂၁ ခုနှစ် နိုဝင်ဘာလလောက်တွင် အခြေအနေ ပြန်လည်တည်ငြိမ်လာပြီး

*စာမျက်နှာ ၁၇ သို့*

# ကရင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာအိတ်များထောက်ပံ့



**ဘားအံ စက်တင်ဘာ ၆**

ကရင်ပြည်နယ်အတွင်း ဇူလိုင်လနောက်ဆုံးပတ်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေချောင်းရေများ မြင့်တက်လာပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ ကျွဲနွားတိရစ္ဆာန်များ၏ စားကျက်၊ အစာစိုက်ခင်းနှင့် သိုလှောင်ထားသော အစာများ ရေလွှမ်းခဲ့သည့်အတွက် သဘာဝဘေးဒဏ်သင့်ဒေသများမှ တိရစ္ဆာန်များ လိုအပ်သည့်အစာအာဟာရ ဖြည့်တင်းနိုင်ရန် တိရစ္ဆာန်အစာအိတ် ၃၀၀ ကို စက်တင်ဘာ ၅ ရက်က ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ တောင်သူများထံ ထောက်ပံ့ပေးအပ်သည်။

အဆိုပါအစာအိတ်များကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၆၃ ဒသမ ၅ သိန်းဖြင့် ဝယ်ယူထောက်ပံ့ပေးခြင်းဖြစ်ပြီး ထောက်ပံ့ပေးအပ်ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဘားအံ၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ မြဝတီမြို့နယ်များရှိ ကျေးရွာအုပ်စုများအတွက် ကျွဲ၊ နွား အစာနုအိတ်ပေါင်း ၃၀၀ ကို ထောက်ပံ့ပေးမည်ဖြစ်ပြီး တိရစ္ဆာန်များအတွက် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အားဆေးနှင့်ကုသဆေး ၁၃ မျိုးပါ အတွဲပေါင်း ၉၁ ခုကို ပေးအပ်ထားပြီးဖြစ်ကာ ဘေးသင့်ဒေသများသို့ သွားရောက်၍ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ မွေးမြူသူများအနေဖြင့် ရရှိလာသည့် တိရစ္ဆာန်အစာများကို အလေအလွင့်မရှိစေရန် စနစ်တကျအသုံးပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က ဘားအံမြို့နယ်ရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုအတွက် ကျွဲ၊ နွား အစာနုအိတ် ၁၆၀၊ လှိုင်းဘွဲမြို့နယ်ရှိ ကျေးရွာအုပ်စု လေးအုပ်စုအတွက် ကျွဲ၊ နွားအစာနုအိတ် ၆၀၊ ကော့ကရိတ်မြို့နယ်ရှိ ကျေးရွာအုပ်စု လေးအုပ်စုအတွက် အစာနုအိတ် ၄၀၊ မြဝတီမြို့နယ်ရှိ ကျေးရွာအုပ်စုနှစ်စုအတွက် အစာနုအိတ် ၄၀ တို့ကို မွေးမြူရေးတောင်သူများထံ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားအခြေခံသင်တန်းဆင်း

**ကျိုင်းတုံ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ရုရှားဘာသာစကားနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေး တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေကော်မတီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားအခြေခံ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၆ ရက်က Amazing Keng Tong Resort ၌ ကျင်းပသည်။



ဦးစွာ ရုရှားဘာသာစကားနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရေး တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်တင်အောင်ဆွေက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးရဲနိုင်က ရုရှားဘာသာစကားနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရေးတြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေကော်မတီဥက္ကဋ္ဌအား အမှတ်တရ ဂုဏ်ပြုတံဆိပ် ပေးအပ်သည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံသို့ ရုရှားခရီးသွားများ လာရောက်သည့်အခါ ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး၊ ရုရှားဘာသာစကားအခြေခံနှင့် ဗဟုသုတများကို ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုတွင် လက်တွေ့အသုံးချနိုင်ရေးအတွက် ရုရှားအက္ခရာ၊ သဒ္ဒါ၊ ကိန်းဂဏန်း၊ ငွေကြေးဆိုင်ရာ၊ ရုရှားလူမျိုးများ၏ အလေ့အကျင့်နှင့် အကျင့်စရိုက်များစသည့် ရုရှားဘာသာစကားများကို သင်တန်းကာလ တစ်လကြာ သင်ကြားပို့ချပေးပြီး သင်တန်းသားသင်တန်းသူ ၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ကမ်းနီ-ပိဿလိမ်းလမ်း မြေသားတာပေါင် ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**နေပြည်တော် စက်တင်ဘာ ၆**

သရက်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဇာလှိုင်သန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ်သန်း ၇၅ ဒသမ ၅၈၀ ဖြင့် ကမ်းနီ- ပိဿလိမ်းကျေးရွာချင်းဆက်လမ်း (၂/၁) မိုင်ကို မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းနှင့် မြေနီခင်းခြင်း အကျယ် ၁၈ ပေ နှင့် ထုရှစ်လက်မ ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် ရေးဆွဲထားသည့် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ နှစ်စဉ်အဆင့်မြှင့်တင်နိုင်ရေးအတွက် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စကားအင်း အမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်ဝင်းငွေ ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် စကားအင်း အမြန်လမ်းတိုးလ်ဂိတ်၌ အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး စက်တင်ဘာ ၅ ရက်က မော်တော်ယာဉ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

ရဲပြန်ကြား




*စာမျက်နှာ ၁၆ မှ*

လှုပ်လှုပ်ရှားရှား ဖြစ်လာပါသည်။ ညောင်နှစ်ပင်ဇုန်ကိုလည်း နိုင်ငံတော်အကြီးအကဲက သတိထားမိလာပြီး ဇုန်ဖွံ့ဖြိုးရေးကို သက်ဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား စနစ်တကျ လုပ်ခိုင်းပါတော့သည်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်တိုင် ကွင်းဆင်းစစ်ဆေးမှုလည်း ရှိလာပါသည်။ စနစ်တကျအဖွဲ့များဖွဲ့ စိစစ်လာပြီး ၁၅-၁၂-၂၀၂၂ ရက်နေ့အပြီး လုပ်ပိုင်ခွင့် အမိန့်စာအုပ်အသစ်များ ထုတ်ပေးခြင်း၊ အထောက်အထားများ စိစစ်၍ အမည်ပြောင်းခွင့်ပြုခြင်း၊ စိုက်ပျိုးရေးအတွက် ဆောင်ရွက်ရမည့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်းများ ပြုလုပ်လာပါသည်။

ယခင်က တရားဝင် စာအုပ်မပေးဘဲ ဇုန်ကော်မတီနှင့် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး၊ မြေစာရင်းများ၏ ကြီးကြပ်မှုအောက်မှာထား၍ လုပ်ခဲ့ရာ ခြံသမားများအနေဖြင့် ဘယ်သူ့ကြောက်ရမှန်းမသိ ကြောက်ခဲ့ရပြီ။ စည်းကမ်းမလိုက်နာလျှင် ပြန်သိမ်းမည်ဆိုသော အမနာပ စကားသံများအောက်တွင် စိတ်မချမ်းမသာ ဖြစ်ခဲ့ကြရပါသည်။ တရားဝင်စာအုပ်ထုတ်ပေးခြင်းဖြင့် ခိုင်ခိုင်မာမာ အထောက်အထားတစ်ခုရခဲ့ပြီး မပိုင်ဝက်မွေးဘဝမှ လွတ်ခဲ့ရပါသည်။ စိုက်ပျိုးရေးစည်းကမ်းများအတိုင်း တက်တက်ကြွကြွနှင့် ခြံတိုင်းလုပ်နေကြတာကလည်း အားရစရာ ကောင်းပါသည်။ တချို့လုပ်ငန်းရှင်များအနေဖြင့် မွေးမြူရေးပြောင်းလိုက အထောက်အထားများနှင့် ပြောင်းလဲလုပ်ပိုင်ခွင့် ပေးပြီး စက်မှုထုတ်ကုန်လုပ်ငန်းများ လုပ်ပါကလည်း အားပေးမည်ဟု သိထားပါသည်။ နိုင်ငံခြားအထိ တင်ပို့နိုင်သော ထုတ်ကုန်များလည်း ခွင့်ပြုထားရာ မူဝါဒမှာ ခေတ်မီပြီး အလွန်ကောင်းပါသည်။ ခြံပိုင်ရှင်များ၊ အလုပ်သမားများ၏ စွမ်းဆောင်ရည်များပြရန် အချိန်ရောက်လို့နေပြီ ဖြစ်ပါသည်။ စည်းကမ်းစနစ်တကျလိုက်နာပြီး စိုက်ပျိုးမွေးမြူရေးလုပ်နေသူများကို အားပေးနေသလို လုပ်ပိုင်ခွင့်ပြောင်းချင်ပါက တရားဝင်စိစစ်ခွင့်ပြုပေးမည်ဖြစ်ရာ ပို၍စွမ်းဆောင်နိုင်သော လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်နိုင်သူများ၊ လုပ်ငန်းရှင်လူငယ်များ၏ အမြော်အမြင် ရှိရှိ၊ သတ္တိရှိရှိ လုပ်ကိုင်ရန်သာ အဓိကကျလာပြီဟု ပြောချင်ပါသည်။

အာရှ၏ဗဟိုအချက်အချာနေရာတွင် တည်ရှိပြီး အရှေ့အုပ်စု၊ အနောက်အုပ်စုကြားတွင် သတိထားနေထိုင်နေရသော မြန်မာနိုင်ငံလို နိုင်ငံမျိုးအတွက်၊ ပြည်တွင်းပြည်ပအဘက်ဘက်မှ ပိတ်ဆို့မှုများကို ကျော်လွှားနိုင်ရန် လိုအပ်ပါသည်။ အထူးသဖြင့် အဓိကကျသော စားရေရိက္ခာ ဖူလုံရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ရပါမည်။ အစိုးရကလည်း အထူးအားပေးနေပါသည်။

ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်ကြီးသည် ရန်ကုန်မြို့တော်နှင့် အနီးဆုံးမှာ တည်ရှိကာ ငါးဧကေ အကွက်များဖြင့် လေးထောင့်ကျကျ၊ ရေ၊ မီး၊ ကုန်ထုတ်လမ်းများ၊ ဆက်သွယ်ရေး အခြေခံများ ပါရှိအောင် စနစ်တကျတွက်ချက် ထူထောင်ထားသော ဇုန်ကြီးဖြစ်ပြီး မြေဧကပေါင်း ၉၀၁၈ ဧက ရှိပါသည်။ အမြော်အမြင်ရှိရှိ ဆောင်ရွက်ထားသော စီမံကိန်းကြီးမှာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များဖြင့် ဖွံ့ဖြိုးတိုးတက်လာသော မြင်ကွင်းများအား တွေ့ရသည်မှာ အထူးကျေနပ်မိပါကြောင်း ရေးသားတင်ပြပါသည်။ ။

## အစုရှယ်ယာရှင်များသို့အသိပေးအကြောင်းကြားခြင်း

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အတွက် (၂၇)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးအားဘဏ်၏ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ရာ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၈၅) အရ ဒါရိုက်တာများအလှည့်ကျ နှုတ်ထွက်မည်ဖြစ်ပြီး နှုတ်ထွက်သွား၍ လစ်လပ်သွားသော ဒါရိုက်တာများနေရာတွင် အစားထိုးပြန်လည်ရွေးချယ်ရမည်ဖြစ်ပါသည်။

၂။ ပြန်လည်ရွေးချယ်ခံမည့် ဒါရိုက်တာအဆိုပြုလွှာ စာရင်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ အထွေထွေအစည်းအဝေး မကျင်းပမီ ကြိုတင်ပေးပို့ တင်ပြရမည်ဖြစ်ပါသည်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ သင်းဖွဲ့စည်းမျဉ်းစာပိုဒ် (၈၄) အရ "လစ်လပ် သောဒါရိုက်တာနေရာအတွက် အရွေးချယ်ခံရန် အစုရှယ်ယာ (၁,၀၀၀) စု နှင့်အထက် ပိုင်ဆိုင် သူသာလျှင် ဝင်ရောက် ရွေးချယ်ခံ ပိုင်ခွင့်ရှိသည်။ အစုရှယ်ယာ (၁,၀၀၀)စု ဟုဆိုရာတွင် အရွေး ချယ်ခံမည့်သူသည် မိမိကိုယ်ပိုင်အစုအနည်းဆုံး(၁၀)စုရှိရမည်ဖြစ်ပြီး မိမိကိုယ်ပိုင်သော်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ မိမိအား ယုံကြည်၍ ကိုယ်စားလွှဲအပ်ပေးမည့်သူ၏ အစုရှယ်ယာအားလည်းကောင်း၊ ကိုယ်စားပြုထည့် သွင်း၍ ရွေးချယ်ခံခွင့်ရှိသည်။ ၄င်းသည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအခန်း (၁၈)ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ရန်တာဝန်ရှိသည်" ဟု သတ်မှတ် ပြဋ္ဌာန်းချက်အရ အစုအရေအတွက်အတွက် (၁၀၀၀)စု မပြည့်သည့် စာရင်းများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြ၍ အတည် ပြုချက်ရယူ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကိုယ်ပိုင်အစုရှယ်ယာ(၁၀)စုနှင့် အထက်ပိုင်ဆိုင်သူများအနေဖြင့် ဒါရိုက်တာအဖြစ် ဝင်ရောက် ရွေးချယ်ခံလိုပါက အစုရှယ်ယာအရေ အတွက်(၁၀၀၀)စု ပြည့်မီရန် ကိုယ်စားလှယ်လွှဲအပ်ထား သည့် ကိုယ်စားလှယ်လွှဲစာတို့နှင့် အတူ (၁၅.၉.၂၀၂၃)ရက်၊ ညနေ(၄:၀၀) နာရီ နောက်ဆုံးထား၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေး ဘဏ် အမှတ်(၂၉၈)အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ အမှတ်(၂)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်၍ အဆိုပြုလွှာဖြင့် လျှောက်ထားနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (သတ်မှတ်ရက် အတွင်း အဆိုပြုလွှာတင်ပြရန် နောက်ကျပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါကြောင်း ဖြည့်စွက် ဖော်ပြအပ်ပါသည်။)

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရွေးချယ်ခံမည့်ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ အခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မငယ်(၁)မှ(၈)အထိ ဖော်ပြ ထားသည့်အရည်အချင်းများနှင့်ကိုက်ညီရမည်ဖြစ်ပါသည်။ အဆိုပြုလွှာ ဖြည့်စွက်ရန် လာရောက်ပါက မှတ်ပုံတင်မူရင်း၊ လိုင်စင်ဓါတ်ပုံ(၁)ပုံနှင့်အစုရှယ်ယာပိုင်ဆိုင်မှု အထောက်အထားမူရင်းများအား တစ်ပါတည်းယူဆောင်လာပါရန်မေတ္တာရပ်ခံပါသည်။

၄။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့် အစီအစဉ်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။ ထပ်မံသိရှိလိုသည့်အချက်များရှိပါက လိုက်နာဆောင် ရွက်ရေးဆိုင်ရာအရာရှိချုပ် ဖုန်း ၀၉-၇၉၉၈၆၇၀၀၆ သို့ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါ သည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက(မဒေါက်) Grade-12မှ မောင်မင်းဇံသွေး၏ မိဘအမည်မှန်မှာ ဦးဝင်းနိုင် ၇/ရကန(နိုင်)၀၃၀၃၄၂-ဒေါ်ဖွေးဖွေးဦး ၇/ရကန(နိုင်) ၀၂၇၉၉၄ ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်-ဒေါ်ဖွေးဖွေးဦး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(၁)Grade-12မှ ဦးထွန်း၏သမီး မဇာဇာထွေး၏ ဖခင်အမည်မှန်မှာ ဦးသက်ထွန်း ၁၀/ပမန(နိုင်) ၁၁၃၉၁၉ ဖြစ်ပါကြောင်း။

**ဦးသက်ထွန်း**

## ပတ်(စ်)ပို့ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ သခွတ်ကုန်းကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်နေ ဦးဇော်လင်းအောင်၏သမီး မဖြိုးနန္ဒာအောင် ၁၄/ကကထ(နိုင်)၂၁၁၃၀၄၏ နိုင်ငံကူးလက်မှတ်(MB 597520)မှာ ပျောက်ဆုံးသွားပါသည်။

ဖုန်း-၀၉-၂၆၄၇၀၀၈၈၆

## ပတ်(စ်)ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ အိမ်အမှတ်(၃၆/၄)နေ ဦးမောင်ကြီး ၁၁/မဥန(နိုင်)၀၇၂၈၇၈၏ ပတ်စ်ပို့နံပါတ်(M727209)မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

## အမည်ပြောင်း

ဦးဇော်မျိုးထွန်း ၁၂/စခန(နိုင်) ၀၀၂၇၆၇၏သားရန်ကုန်တိုင်းဒေသကြီး၊ အမက(၆) စမ်းချောင်း KGတန်းမှ မောင်သန့်ထူးဇင်အား မောင်ခိုင်ခန့်မောင်ဟု ပြောင်းလဲခေါ်ပါရန်။

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ် (၄၆၀ ဉ/၂) မြေအကျယ်အဝန်းပေ(၂၀x၆၀)၊ စတုရန်းပေ(၁၂၀၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်ထံမှ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသူ ဒေါ်ခိုင်ဇာလွင် (၁၂/ဥကမ(နိုင်)၁၈၁၆၈၈)သည် မိမိသာလျှင်တရားဝင်ပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်း အရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂)(LL.B) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈) သရဖီ(၇)လမ်း၊ ၃၄-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၃၀၄၈**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊(၁၀)မိုင်ကုန်း၊ မြဝတီမင်းကြီးလမ်း၊ အမှတ် (၄၄)ဟု ခေါ်တွင်သော အလျား (၁၄)ပေ x အနံ (၇၀) ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ၄င်းတို့သာ လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသော (၁)ဒေါ်ခင်မြင့် (၁၂/အစန(နိုင်)၀၅၅၇၅၄)၊ (၂) ဦးဝင်းထွဋ် (၁၂/အစန(နိုင်)၂၀၆၄၃၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဦးသူရိန်ထွန်း (၉/ဝတန (နိုင်) ၁၂၆၀၄၇)၊ (၂) ဒေါ်စံပယ်လွင် (၉/မထလ (နိုင်) ၂၀၄၃၀၅) တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ယနေ့ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်အကြောင်းကြား ဆက်သွယ်ကြပါရန်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသူရိန်ထွန်းနှင့် ဒေါ်စံပယ်လွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာသက် (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၉၅၈)**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း - ၀၉ -၂၅၀၅၁၈၂၉၉**

## အမည်မှန်

ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ အလက(ခွဲ) ဗိုလ်ချုပ်လမ်းကျောင်း Grade-8(သင်ရိုးသစ်)မှ ဦးတင့်ဝေ၏သမီး မဆုဇင်မြတ်နိုး၏ အမည်မှန်မှာ မဆုမြတ်နိုးဝေဖြစ်ပါကြောင်း။

**မဆုမြတ်နိုးဝေ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်2B/9640 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် သကမ-၁၃၊ လူနေရပ်ကွက်အမှတ် (၁၆)၊ ဝါဝါဝင်းလမ်းနှင့် အင်းလေးလမ်းထောင့်၊ မြေကွက်အမှတ် (၁၇၃၆/က)ဟု ခေါ်သော (ပေ ၂၀ x ပေ ၆၀) ဧရိယာ၊ ၀.၀၂၇၅ ဧက ကျယ်ဝန်းသော ဒေါ်ဇင်နှဲမ်းအမည်ပေါက် ဂရန်မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်၏ မိတ်ဆွေက တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီး ဖြစ်ပါသည်။ ဖော်ပြပါအိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အိမ်နှင့်မြေ အရောင်းအဝယ်အား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာဟန် LL.B, LL.M တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၂)**
**ဖုန်း- ၀၉-၉၄၀၈၉၁၀၉၇၊ ၀၉-၄၂၅၂၇၂၁၆၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5953 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ် ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၂၃/က)နေ ၁။ ဒေါ်သိန်း အေး (၁၂/ဒလန(နိုင်)၀၀၇၂၆၃) ၂။ဒေါ်အေးအေးမွန် (၈/မကန(နိုင်)၀၁၂၉၇၉) ၃။ဒေါ်တင်နီလာဝင်း (၆/ကသန(နိုင်) ၀၆၈၈၆၂)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၊ မြေကွက်အမှတ် - ၂၃/က၊ လူနေရပ်ကွက်- အမှတ်၂၃/က၊ ကံ့ကော်လမ်း၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ်၊ အကျယ်အဝန်း (ပေ ၂၀ xပေ ၆၀) ဒေါ်ဝင်းရှင် (၁၂/ဒလန(နိုင်)၀၀၇၇၇၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် (ပါမစ်မူရင်း)ပိုင်ဆိုင်မှုစာရွက်စာတမ်း အပြည့်အစုံနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေတို့မှ တရားဝင်ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားသော အိမ်ခြံမြေကွက်ဖြစ်ပါသည်။အဆိုပါအိမ်ခြံ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေတို့မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များရှိပါသောကြောင့် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ လုပ်ဆောင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L)(တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃၀၈၈)**
**အမှတ်- ၁၂၀၈၊ မဏိစန္ဒာလမ်း၊ ၆၉- ရပ်ကွက် ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်။ ဖုန်း- ၀၉၉၆၃၁၂၂၅၆၅၊ ၀၉- ၄၂၁၁၁၄၈၈၃**

## ဦးသန့်ဇော် (၁၂/သလန (နိုင်)၁၀၅၄၉၀ (ဒါရိုက်တာ) Royal Ocean Dragon Coltdနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဟန်မင်းအောင် (၁၂/ကမန(နိုင်)၀၇၃၅၃၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးဟန်မင်းအောင်သည် Royal Ocean Dragon ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ သို့သော်လည်း ကုမ္ပဏီပိုင်ငွေကြေးများနှင့် ပတ်သက်၍သုံးစွဲခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်း၊ ငွေထုတ်ပေးခြင်းကိစ္စရပ်များသည် ကျွန်ုပ်မိတ်ဆွေဦးဟန်မင်းအောင်နှင့် ပတ်သက်မှုမရှိကြောင်း အထက်ပါကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဦးသန့်ဇော်နှင့်သာ သက်ဆိုင်မှုရှိကြောင်းကို ဦးသန့်ဇော် (ဒါရိုက်တာ) ကိုယ်တိုင်ကဝန်ခံကတိပြုလက်မှတ်ရေးထိုးပြီးလည်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Royal Ocean Dragon ကုမ္ပဏီ၏ ယခင်သုံးစွဲခဲ့သော ငွေကြေးဆိုင်ရာ အရပ်ရပ် စီမံခန့်ခွဲမှုများနှင့် နောက်နောင်ဖြစ်ပေါ်လာမည့်ငွေကြေးဆိုင်ရာသုံးစွဲမှုများ၊ အရှုပ်အရှင်းကိစ္စရပ်မှန်သမျှတို့သည် ကျွန်ုပ်မိတ်ဆွေ ဦးဟန်မင်းအောင်နှင့် လုံးဝ (လုံးဝ)သက်ဆိုင်မှုမရှိပါကြောင်းနှင့် အထက်ပါကုမ္ပဏီ၏ ဝန်ထမ်းအဖြစ်မှလည်း (၆-၉-၂၀၂၃)ရက်မှစ၍ နုတ်ထွက်အနားယူလိုက်ပြီဖြစ်ကြောင်း ဦးသန့်ဇော် (ဒါရိုက်တာ) Royal Ocean Dragon ကုမ္ပဏီလီမိတက်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ - | | |
|---|---|---|---|
| ဦးဟန်မင်းအောင် | တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |
| ၁၂/ကမန(နိုင်)၀၇၃၅၃၁ | ဦးအောင်မိုး (ကော့မှူး) (စဉ်-၈၂၃၇) | ဒေါ်သိမ့်သိမ့်ထွန်း (စဉ်-၁၂၆၇၆) | ဒေါ်ထက်ထက်အေးငြိမ်း (စဉ်-၅၀၀၈၇) |

ရုံးအမှတ် (၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၄၄၄၅၅၅၁၆၂၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၅၅၉၀၀၀၇၁၁၊ ၀၉-၇၉၉၅၇၅၂၉၁

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ရေကင်း အထက Grade-11 (A)မှ မောင်သော်တာလင်းခန့်၏ ဖခင် ဦးထွန်းထွန်း ၇/မညန(နိုင်)၀၆၅၄၄၈၏ အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင်**

## ပတ်(စ်)ပို့ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၃)နေ မရှယ်ဝေ ၁၃/ကခန(နိုင်) ၀၄၅၆၆၆၏ ပတ်(စ်)ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၆၀၉၅၆

## မွေးသက္ကရာဇ်အမှန်

တန့်ယန်းမြို့၊ အမှတ်(၁)အထကမှ ဒေါ်နန်းကြိမ်ခမ်း၏ မွေးသက္ကရာဇ်အမှန်မှာ (၂၆-၅-၁၉၇၈)ဖြစ်ပါကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ကျတ်(ခ)ဦးကျမိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## အမည်မှန်

တန့်ယန်းမြို့၊ အမှတ်(၁) အထကမှ ဒေါ်နန်းဆိုင်အောင်ဦး(ခ)ဒေါ်နန်းဆိုင်အောင်အူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ (၆-၃-၁၉၇၇)ဖြစ်ပြီး ၎င်း၏ ဖခင် ဦးဆန်ဦးဟိန်း(ခ) ဦးဆန်အူးဟိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်4D/8463 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်1I/6189 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်7L/5724 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၄၃၃၇, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့်အောင် ၆/ထဝန(နိုင်) ၁၀၆၉၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၈၆၅၅၃, Honda Scoopyi 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူမြင့် ၁၀/ပမန(နိုင်)၂၆၂၅၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၅၀၇၃၄, Honda Scoopyi 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၅/ပလန(နိုင်) ၀၀၇၃၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/19508, Yamaha FZS-150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းဦး ၅/မမတ(နိုင်)၁၀၀၇၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာ

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ အကွက်အမှတ်နယ်မြေ -၅၊ ဦးပိုင်အမှတ် (၃က)၊ မြေကွက်အမှတ် (A1)၊ (၁)လမ်း၊ အိမ်အမှတ်-၄၊ ဧရိယာ (၀.၀၈၇)ဧကရှိ ဦးတိန်လုံ(တူမ)မစိုးစိုးမြင့် အမည်ပေါက်ကြောင်းနှင့် ၎င်းမြေအနက်မှ (၀.၀၄၃)ဧကမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံသည် ဦးတိန်လုံ(ခ)ဦးလုပ်ငန်း (ကွယ်လွန်) အမည်ပေါက်မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၏ မြေငှားဂရန်မူရင်းပျောက်ဆုံးသွား၍လည်းကောင်း၊ ဦးတိန်လုံ(ခ)ဦးလုပ်ငန်းမှာလည်း (ကွယ်လွန်)သွားခဲ့ပြီးဖြစ်သောကြောင့် သားသမီးအရင်းများဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဦးကျင်အုန်း(ခ)ကျင့်ဝေ (၇/လပတ(နိုင်)၁၃၇၁၆၁)၊ (၂) ဦးကျင်ဝမ်း(ခ)ဦးအေးလွင် (၁၂/ဥကမ(နိုင်)၀၂၂၇၁)။ (၃) ဦးကျင်နန်း(ခ)ဦးခင်မောင်ဌေး (၁၂/ဗတထ(နိုင်)၁၂၅၀၃၅)၊ (၄) ဒေါ်ခင်စန်းမြင့်(ခ)ဒေါ်စန်းမြင့် (၁၂/ဥကမ(နိုင်)၀၂၂၄၃၂)၊ (၅) ဦးကျင်စွန်(ခ)ဦးအေးလှိုင် (၁၂/ဥကမ(နိုင်)၁၁၉၆၁၃)၊ (၆) ဦးဝင်(ခ)ဦးဝင်းလေး (အယ်ပီအန် - ၁၁၇၃၀၀) အမည်များဖြင့် ဂရန်အမည်ပြောင်း ထုတ်ပေးပါရန် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ် မြို့မြေစာရင်း ဦးစီးဌာနထံသို့ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်စန်းမြင့်ပါ ၆ဦး အမည်ဖြင့် ဂရန်အမည်ပြောင်းလျှောက်ထားခဲ့ပြီးဖြစ်ရာ အဆိုပါလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုး ခံစားခွင့်ရှိသူမည်သူမဆို တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကြေညာပါသည့်ရက်မှ (၁)လအတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဒေါ်စန်းစန်းမြင့်ပါ ၆ ဦးအမည်ဖြင့် ဂရန်အမည်ပြောင်း လျှောက်ထားဆောင်ရွက်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်အားလုံးကို တရားဝင် ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်သဇင်အေး (LL.B., B.C.Sc) တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၁၈)**
**အမှတ် (၄၇၁/က)၊ ဇေယျာ (၁၅)လမ်း၊ (၁၀) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**Ph: 09-5407473, 09-259295330**

## ငြိုင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**

**ကော့သောင်းမြို့နယ်တရားရုံး**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၁**

ဦးသူရသောင်းအိန် (တရားလို) နှင့် ဒေါ်မြဇင်ခန့် (တရားပြိုင်)

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ (၅၅၅)တောင်တက်လမ်း၊ အမှတ်(၃၃၀/H)နေ ဒေါ်မြဇင် ခန့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးသူရသောင်းအိန်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို၊ ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ( ၁၅ ) ရက်နေ့ (၁၃၈၅ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်နေ့)မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြိုင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီ ပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ (၁) ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(အောင်ကိုထွေး)**
**မြို့နယ်တရားသူကြီး**
**ကော့သောင်းမြို့နယ်တရားရုံး**

## ကုမ္ပဏီဖျက်သိမ်းကြောင်း ကြော်ငြာခြင်း

ပဲခူးမြို့၊ မြတ်အောင် မြန်မာ ကုမ္ပဏီလီမိတက်ကို (၆–၁–၂၀၂၃) ရက်နေ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဖျက်သိမ်းလိုက်ပြီ ဖြစ်ကြောင်း အများသိစေ ရန် ကြော်ငြာအပ်ပါသည်။

**မြတ်အောင်ကုမ္ပဏီလီမိတက်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂–၉–၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၅) သံဖြူဇရပ်မြို့နယ် တရားရုံးတော် ငြိုင်းချက်ထုတ်ရန်ဆင့်စာ ကြော်ငြာတွင်

**မိုးဆန်းအောင်**
**အစား (မိုးဆန်းအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံးဟု**
**ပြင်ဆင်ဖတ်ရှုပါရန်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ သုခတော်ဝင်အိမ်ရာဝင်း၊ တိုက်အမှတ်(Y–၁–၊ အခန်းအမှတ်(04)၊မြေညီထပ်၊ ဧရိယာ(၆၆၆)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သန္တာဝင်း ၉/ပမန(နိုင်)၁၇၂၃၀၆ထံမှကျွန်ုပ်၏မိတ်ဆွေ ဦးနေလင်း ၉/ပမန(နိုင်)၁၇၀၄၈၃၊ဒေါ်ရွှေနှင်းဝေ၉/ကပတ(နိုင်)၁၉၆၅၁၅ တို့မှအပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါက ဤကြေငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေလင်းနှင့် ဒေါ်ရွှေနှင်းဝေတို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် ၁၂၆၆၄)**
**အမှတ်(၁၄)၊ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၅၀၀၂၃၆၅၁၊ ၀၉–၇၉၃၅၆၈၃၇၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၅)လမ်း/အနောက်၊ အမှတ်(၅၈/က) တစ်ခန်းတည်းRC(၆)ထပ်တိုက်မှ စတုတ္ထထပ်၊ (၅–လွှာ)၊ ဧရိယာ(၉၇၂)စတုရန်းပေရှိတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲ ပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထင်လင်းကျော် ၁၂/ကတတ(နိုင်) ၀၂၉၁၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝေယံထွန်း(၁၀/သထန(နိုင်)၂၁၁၇၉၆)၊ ဒေါ်အေးစုလှိုင် ၁၂/ကမန(နိုင်) ၀၈၀၅၇၉တို့မှ အပြီးအပြတ်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ကန့် ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိဆက် လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝေယံထွန်း နှင့် ဒေါ်အေးစုလှိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဝင်းမင်းစိုး LL.B.WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် –၁၂၆၆၄)**
**အမှတ်(၁၄)၊ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City) ၊သန်လျင်မြို့နယ် ၊ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း–၀၉–၄၅၀၀၂၃၆၅၁၊ ၀၉–၇၉၃၅၆၈၃၇၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၄၉၂၀, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တီစိုး ၆/မအရ(နိုင်) ၀၁၁၄၁၁က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၉၅၂၆, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နိုင်နိုင်စန်း ၆/ထဝန(နိုင်) ၀၈၁၃၅၆က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး**
**(မြိတ်)**

## ငြိုင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀)**

**ကလောခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ် ၊ တရားမကြီးမှုအမှတ် –၄၁**

ဦးမြင့်ဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နှောင်းနှောင်းထွေး (ခ) ဥမ္မာထွေး) (တရားလို) နှင့်

၁။ ဒေါ်သင်းသင်းလှိုင်
၂။ ဦးခင်မောင်ဝင်း
၃။ ဒေါ်ခင်မာဆွေ
၄။ ဒေါ်ခင်မာဖြူ
၅။ ဒေါ်စန္ဒာလေး
၆။ ဒေါ်ခင်ဆွေဝင်း
၇။ ဒေါ်ဝင်းဝင်းမော်
၈။ ဦးစိုင်းဝဏ္ဏ
(တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း ၊ အမှတ် (၁၃)၊ ၆ လွှာ (အေ) နေ (၆) တရားပြိုင် ဒေါ်ခင်ဆွေဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်ဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နှောင်းနှောင်းထွေး (ခ) ဥမ္မာထွေး)က "ပစ္စည်းခွဲဝေပေးစေလိုမှု" လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ သို့တည်းမဟုတ် ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် စက်တင်ဘာ လ ၁၂ ရက် (၁၃၈၅ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြိုင်းချက်များ ထုတ်ပေးလိမ့်မည်၊ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြအောင် )**
**ဒုတိယခရိုင်တရားသူကြီး**
**ကလောခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ကျွန်းစုမြို့နယ်၊ ကမ်းကြီး ကျေးရွာနေ (ဘ)ဦးထွန်းရှိန်၏ သမီး အထက(ကျွန်းစု) ကျောင်းအုပ်ကြီး ဒေါ်ငွေငွေဝင်း ၅/စကန(နိုင်)၀၀၉၉၃၃၏ မွေးသက္ကရာဇ်အမှန်မှာ ၃–၅–၁၉၇၂ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မြိတ်မြို့၊ အထက(၁) ဒသမတန်းမှ ဦးကိုကိုနိုင်နှင့် ဒေါ်ဝါဝါဆွေတို့၏ သမီး မသူဇာနိုင်အား မဆောင်းဝင့်ဝါနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆောင်းဝင့်ဝါနိုင်**

## အမည်မှန်နှင့်ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း Grade–10(M)မှ ဦးအောင်ဆန်းဦး၏သား မောင်နေတည်ဦး၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်နေတီဦးဖြစ်ပြီး မောင်နေတီဦး၏ ဖခင် ဦးအောင်ဆန်းဦး၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးဆန်းဦး ၆/ကစန(နိုင်) ၀၄၅၅၀၈ ဖြစ်ပါကြောင်း။

**မောင်နေတီဦး၊ ဦးဆန်းဦး**

## အိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ဂျန်မိုင်ကောင်း၊ နယ်မြေ(၁၂)၊ ကွင်းအမှတ်–၁၅/၂(အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်–၁၂၀/၄၊ အိမ်အမှတ်(၁၂/၃၇၀)ရှိ ဦးဆွမ်လွတ်ဂွန်ဆန်(ဘ)ဦးဆွမ်လွတ်နော် ပိုင်ဆိုင်သည့် အလျား(၅၀–၄၆)ပေxအနံ(၆၀)ပေ ကျယ်ဝန်းသော အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကာလတန်ဘိုးနှင့်အညီ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် (၄.၉.၂၀၂၃)ရက် နေ့တွင် ရောင်းကြေးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ်ပေးအပ်ထားပြီးဖြစ်သဖြင့် အဆိုပါ အရောင်းအဝယ် ကိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဂွမ်လတ်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၃၅၃)**
**အမှတ်(၅/၁၁၄–ခ)၊ အေးမြသာယာရပ်ကွက်၊ မြစ်ကြီးနားမြို့။**
**ဖုန်း– ၀၉–၇၉၆၀၄၂၄၀၄၊ ၀၉–၄၂၅၀၅၅၈၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၆၄၆၇၇, SAW ASDEE 115, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့်အောင် ၆/မမန(နိုင်) ၁၆၁၉၀၈၈က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၁၉၁၀, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီစန်း ၆/မမန(နိုင်)၁၅၉၇၅၂က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး**
**(မြိတ်)**

## ပျောက်ဆုံးကြောင်း

ရခိုင်ပြည်၊ စစ်တွေမြို့၊ မကျည်းမြိုင်ရပ်ကွက်၊ သုခမြိုင်လမ်း၊ အိမ်အမှတ်(၆၀)နေ ဦးကျော်လင်းထွန်း ၁၁/စတန(နိုင်)၀၅၈၇၃၆ ၏ သင်္ဘောသား SID ကတ်နံပါတ်အမှတ် (၄၈၉၄၅)သည် ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၆၂၄၉၆၄၉၇**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ကျောက်တော်မြို့နယ်၊ ဝင်းဇားထောင့် ကျေးရွာနေ ဦးမောင်ဖေသိန်း၏သား မောင်အောင်မင်းထီး ၁၁/ကတန(နိုင်)၁၉၉၈၇၂၏ အမည်မှန်မှာ မောင်အောင်မြင့်တင်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၃၁–၅–၂၀၀၃) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျောက်ပန်းတောင်းမြို့၊ စံပြရပ်ကွက်ရှိ ဒေါ်သိန်းအေး အမည်ပေါက် အိမ်ဝိုင်းမြေ အမှတ်(စ/၁၅)အား စံပြရပ်ကွက်နေ ဦးမင်းသိုက်ဖြိုး ၉/ကပတ(နိုင်)၁၈၁၃၉၃မှ ဝယ်ယူခဲ့ပြီး ယခုအခါ၎င်းဝိုင်းမြေမူရင်းစလစ် ပျောက်ဆုံး သွား၍ ဦးမင်းသိုက်ဖြိုး အမည်ပေါက်စလစ်မိတ္တူမှန်ပြန်လည်လျှောက်ထားသွားမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးမင်းသိုက်ဖြိုး**
**(ဖုန်း–၀၉–၇၈၇၅၉၉၅၉၀)**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြေပုံမြို့၊ အထက(မြေပုံ)G–12မှ မထက်ထက်စိုး (ကျောင်းဝင်အမှတ်–၁၆၆၇၀)၏ ဖခင်အမည်မှန်မှာ အောင်သန်းရွှေ၁၁/မပတ(နိုင်) ၀၅၇၃၄၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းပြားမြို့၊ မိုးထိအောင်ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း G–11မှ ကိုခန့်ကျော် နှင့် အထက(ခွဲ) ကျောက်မော်မှ မင်းသန့်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်း ၁၁/မပန(နိုင်) ၀၈၉၃၀၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၄/တောင် )၊ အောင်သစ္စာ(၆)လမ်း၊ မြေကွက်အမှတ်( ၇၆၀/ခ )၊ အကျယ်အဝန်း( ၁၂၀၀.စတုရန်းပေ )ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်( ၆၀ )ဂရန်အမည်ပေါက် ဒေါ်အေးမို့မို့လွင် ( ၁၂/သဃက (နိုင်) ၁၅၄၇၀၁ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေ ၁ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးထိန်လင်းသန်း**
**( LL.B, D.B.L, D.I.L, D.M.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)**

**ဒေါ်ပြည့်ပြည့်ဖြိုး**
**( LL.B, D.B.L, D.I.P.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)**

အမှတ်( ၇၂၅ )၊ ပြည်သာယာ(၂) လမ်း၊ (၃၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ စိန်ရတနာလမ်း၊ ခြံအမှတ်(၇၇၁)ဟုခေါ်တွင်သော အရှေ့လားသော် – ၃ ပေလမ်းကြား ၊ အနောက်လားသော် – ဦးလှထွန်း + ဒေါ်ခင်ငွေးဝင်းတို့၏ခြံ၊ တောင်လားသော် – ဒေါ်နီ၏ခြံ၊ မြောက်လားသော်–စိန်ရတနာလမ်းမစသည့် လားရာ(၄)ရပ်အတွင်း ကျရောက်သော (၃၀ x ၅၂)ပေ အကျယ်အဝန်းရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂)ထပ်တိုက်အဆောက်အအုံ အပါအဝင် ရေစက်၊ မော်တာ၊ မီတာတို့ကို စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ (၁) ဦးမြင့်အေး(ခ)ဦးပုည(၂) ဒေါ်ယဉ်ယဉ်ထွေး၊ (၃) ဦးငွေစိုးတို့က ၎င်းတို့တွင် ရောင်းချပိုင်ခွင့်အာဏာ အပြည့်အဝရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၁) ဦးအေးလွင် ၁၂/ အစန(နိုင်)၀၉၃၂၃၂၊ (၂) ဒေါ်မြင့်မြင့်အေး ၁၂/အစန(နိုင်)၀၈၉၃၇၉တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တဒေသပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်သူများရှိပါကဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**(၁) ဦးအေးလွင်** ၁၂/အစန(နိုင်) ၀၉၃၂၃၂
**(၂) ဒေါ်မြင့်မြင့်အေး** ၁၂/အစန(နိုင်)၀၈၉၃၇၉

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းဝတ်ရည်စိုး (LL.B)**
တရားလွှတ်တော်ရှေ့နေ
ထ – ၁၇၊ တမာလမ်း၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊
ဖုန်း–၀၉– ၂၅၉၆၃၆၉၄၄

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ ပုဗ္ဗသီရိအနောက်ရပ်) ၊ မြေကွက်အမှတ်(ပ–၃၂၂၉၂) အကျယ်အဝန်း (၆၀' x ၄၀') ပေ၊ ဧရိယာ (၀ဒသမ၀၅၅) ဧကရှိ နှစ်(၃၀) ဂရန်မြေကွက်နှင့် ပတ်သက်၍ နေပြည်တော် စာချုပ် စာတမ်းရုံး၌ (၁၇–၂–၂၀၂၃) ရက်နေ့တွင် ဦးစိုးမင်းဦး (ဘ) ဦးသိန်းမြင့် ၁၄/ဘကလ(နိုင်)၁၉၁၉၄၀ ထံမှ ဒေါ်ခင်နှင်းလွင် (ခ) ဒေါ်ခင်မိမိ (ဘ) ဦးသန်းညွှန့် ၁၃/ရစန(နိုင်) ၀၆၉၈၆၅ ထံသို့ လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၈၃/၂၀၂၃) အား (၆.၉.၂၀၂၃) ရက်နေ့မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

## အမည်ပြောင်း

ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြတ်လေးနွယ်လမ်း၊ အမှတ်(၁၈၄)နေ ဦးဇာကေရ် ၁၁/ဘသတ(ပြု)၀၀၀၇၈၃၏ သမီး အမက(၆) ဒေါပုံမြို့နယ်မှ ရှာဟိဒ်ဖိုရ်မိန်အား မချိုမာဝင်းဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉/ဝါးတစ်ရာ စက်မှုဇုန်)ရှိ မြေကွက်အမှတ် (၄၀၁)အား ဝယ်ယူခွင့်ရရှိသူ ဦးခင်မောင်ဆွေ ၁၂/အလန(နိုင်)၀၁၃၉၈၃ ထံမှ အဆင့်ဆင့်ဝယ်ယူထားသူ ဦးအောင်ဝင်း ၉/ပကခ(နိုင်)၀၁၂၉၉၀ မှ အမည်ပေါက် ဦးခင်မောင်ဆွေ အမည်ဖြင့်ပင် စက်မှုမြေငှားလိုင်စင်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက် အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက စက်မှုမြေငှားလိုင်စင် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## အမည်ပြောင်း

ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြတ်လေးနွယ်လမ်း၊ အမှတ်(၁၈၄)နေ ဦးဇာကေရ် ၁၁/ဘသတ(ပြု) ၀၀၀၇၈၃၏သမီး အထက(၅) သာကေတမှ ဟာဆီနာအား မလှလှဝင်းဟုပြောင်းလဲခေါ်ပါရန်။

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

အုတ်ဖိုမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၃–၈–၂၀၂၃ ရက်၌ ဒေါ်မြင့်မြင့်ဝင်း(ဘ)ဦးတင်အုန်း ၇/အဖန(နိုင်)၀၀၃၄၄၀ မှ ဒေါ်ကြည်ကြည်ထွေး (ဘ)ဦးစောဟန် ၁၂/လကန(နိုင်)၀၅၉၀၂၅သို့ လွှဲအပ်ခဲ့သည့်အထွေထွေ ကိုယ်စားလှယ်လွှဲစာစာချုပ်အမှတ် (၉/၂၀၂၃)အား လုပ်ငန်းကိစ္စများဆောင်ရွက်ရန်မလိုအပ်တော့ပါသဖြင့် ယနေ့မှစ၍ လွှဲအပ်ထားသော အထွေထွေလွှဲစာအား ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ ထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ဝင်း ၇/အဖန( နိုင်) ၀၀၃၄၄၀**
**ဂုံညင်းတန်းကျေးရွာ၊ အုတ်ဖိုမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၈၂၄၇၇, Jineneng 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/ပမန(နိုင်)၀၃၄၀၇၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/2078 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/4467 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/4147 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန(ရွှာသာကြီး)**

## အများသိစေရန်အသိပေး ကြေညာခြင်း

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁-မရမ်းကုန်း)၊ ဦးပိုင်အမှတ်(၆/ခ)၊ မြေဧရိယာ (၀ဒသမ၀၆၄)ဧကရှိ ဘိုးဘပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၏မှတ်ပုံတင်(၁-က)စာရင်းတွင် ဦးမြင့်သိန်း၊ ဦးမောင်မောင်သန့်၊ ဦးမောင်မောင်လွင်တို့၏အမည်ပေါက်ပါသည်။ ၎င်းထံမှ မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ် မှတ်ပုံတင်အမှတ် (၂၆၁/၂၀၂၂)ဖြင့် စာချုပ်ချုပ်ဆိုကာ မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဘိုးဘပိုင်အမှုတွဲအမှတ်-၀၅၃/ ဘိုးဘ/ ၂၀၂၃-၂၀၂၄အရ မူလပိုင်ရှင်များ၏အမည်မှ ဦးကျော်မင်းထွန်း၊ ဒေါ်ဖြူဖြူ၀င်း၏အမည်သို့ အမည်ပြောင်းလဲခွင့် လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်းခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူများမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝင်းအေး(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၀၂၄၃) (၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့။**
**ဖုန်း-၀၉-၄၂၅၃၆၃၈၈၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ တိုက်အမှတ် (၁၀၈)(ဧလွှာ)B ခြေရင်းခြမ်း၊ တိုက်ခန်း၊ အကျယ်အ၀န်းပေ(၁၃x၆၀)ရှိ ဒေါ်အေးကလျာအောင် (၁၂/စခန(နိုင်)၀၀၀၁၄၇)မှ အထက်ဖော်ပြပါတိုက်ခန်းကိုပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူမှ (၆-၉-၂၀၂၃) ရက်တွင် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအ၀ယ်ပြုခဲ့သည်နှင့်ပက်သက်၍ ပိုင်ဆိုင်ခွင့် အခွင့်အရေးရှိသူမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမြတ်နောင် (LL.B) (စဉ်-၃၆၄၁၈)**
**အမှတ် ၁၈၅၊ လမ်း ၅၀ အထက်၊ ၇ လွှာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။**
**ဖုန်း-၀၉-၇၉၅၆၂၀၁၇၃၊ ၀၉-၉၈၃၁၂၃၂၃၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်- ၁၂-ညံတော (နောက်)၊ ဦးပိုင်အမှတ်(၅၅)၊ မြေယာအမှတ် (195)၊ မြေဧရိယာ(၀.၀၆၂)ဧကရှိ ဂရန်အမှုတွဲအမှတ် (၂၅၅/၉၇-၉၈) အရ ဒေါ်လှဝင်းအမည်ဖြင့် မှတ်သားတည်ရှိသည့် မြေနှင့်ယင်းမြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူ ဒေါ်လှဝင်း (၉/မမန(နိုင်)၀၃၆၈၀၄)ထံမှ ဒေါ်မဥ္ဇူသန်း(၁/မကန(နိုင်)၂၀၆၉၆၆)က(၂၈-၆-၂၀၂၃) ရက်တွင် (အရပ်ကတိစာချုပ်)ဖြင့် ငွေအပြီးအပြတ်ပေးချေ၍ ဝယ်ယူထားပြီး ယခုလက်ရောက်ပိုင်ဆိုင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်နှင့်မြေကိုလက်ရောက်ပိုင်ဆိုင်ထားသူ ဒေါ်မဥ္ဇူသန်း၏ခွင့်ပြုချက်မရှိဘဲ ရောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဝင်ရောက်ကျူးကျော်ခြင်းများပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေအရအရေးယူသွားမည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
